# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# ဒသမနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စု (ကုံးလုမ်း၊ ပန်းကျိုင်း၊ မိုက်ရှားစေး-ပုံစုတ်) ရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) ခေါင်းလန်ဖူးမြို့နယ် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသော လမ်း၊ တံတားများအား အမြန်ဆုံးပြုပြင်ပေးရန်နှင့် ညီတားဒီကျေးရွာအထိ ရာသီမရွေးသွားလာနိုင်သည့်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၈ | (ဂ) ရပ်စောက်မြို့နယ်၊ ကျောက်ကူကျေးရွာ၊ ကျောက်ကူ-တမင်းပေါင်း-ကျောက်မီးခတ်-ခဲကြား-တောင်ခမ်း-ဖရင်းကုန်းလမ်း (၆) မိုင်ကျော်ကို မြေသားအမာခံလမ်းမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | (ဃ) နမ္မတူမြို့နယ်၊ နမ့်တောင်ကုန်းကျေးရွာအုပ်စု၊ နားကျဲကျေးရွာအနီးရှိ နားကျဲဘေလီတံတားအား ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၁၀ | (င) ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ လမ်း ၁၀ လမ်းအား အမြန်ဆုံးခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၁ | (စ) ပေါက်တောမြို့နယ်၊ ပေါက်တော-မင်းပြားလမ်းပေါ်ရှိ ရွာချောင်းကြီးတံတားကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |

| | | |
|---|---|---|
| ၁၂ | (ဆ) အင်းတော်-ဇန်းမောက်-မံစီလမ်းပေါ်ရှိ မိုင်တိုင်၊ ဖာလုံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် စိုက်ထူဆောင်ရွက်ပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား တံတားနံပါတ်များရေးသား၍ မှတ်ပုံတင်ထားရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၃ | (ဓ) ရွှေပြည်သာမြို့နယ်ရှိ မြေသားလမ်းများကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်၊ ထိုသို့ခင်းပေးရာတွင် လမ်းဘေးရေမြောင်းများကို တစ်ပါတည်း တူးဖော်ပေးရန်နှင့် မြေအောက်ရေမြောင်း (Box Culverts) များကို ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၄ | ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်း | ၂၅ |
| ၁၅ | ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၄၁ |
| ၁၆ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၄၈ |
| ၁၇ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၅၅ |
| ၁၈ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၁ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၇–၆–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စု (ကုံးလုမ်း၊ ပန်းကျိုင်း၊ မိုက်ရှားစေး–ပုံစုတ်) ရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ် ခေါင်လန်ဖူး–ညီတားဒီလမ်း (၅၅) မိုင်အတွင်း သဘာဝဘေး အန္တရာယ်ကြောင့် ပျက်စီးခဲ့ရသော လမ်း၊တံတားများအား အမြန်ဆုံးပြုပြင် ပေးရန်နှင့် ညီတားဒီကျေးရွာအထိ ရာသီမရွေးသွားလာနိုင်သည့်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ကျောက်ကူကျေးရွာ၊ ကျောက်ကူ–တမင်းပေါင်း–ကျောက်မီးခတ်–ခဲကြား–တောင်ခမ်း–ဖရင်းကုန်းလမ်း (၆)မိုင်ကျော်ကို မြေသား အမာခံလမ်းမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **နမ္မတူမြို့နယ်၊ နမ့်တောင်ကုန်းကျေးရွာအုပ်စု၊ နားကျဲကျေးရွာအနီးရှိ နားကျဲဘေလီတံတားအား ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိလမ်း (၁၀) လမ်းအား အမြန်ဆုံးခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့နယ်၊ ပေါက်တော–မင်းပြားလမ်းပေါ်ရှိ ရွာချောင်းကြီး တံတားကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်စိုး၊ ဗန်းမောက် မဲဆန္ဒနယ်၏**အင်းတော်–ဗန်းမောက်–မံစီလမ်းပေါ်ရှိ မိုင်တိုင်၊ ဖာလုံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် စိုက်ထူဆောင်ရွက်ပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား တံတားနံပါတ်များ ရေးသား၍ မှတ်ပုံတင်ထားရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးညဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်ရှိ မြေသားလမ်းများကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်၊ ထိုသို့ခင်းပေးရာတွင် လမ်းဘေးရေမြောင်းများကို တစ်ပါတည်း တူးဖော်ပေးရန်နှင့် မြေအောက်ရေမြောင်း (Box Culverts) များ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က **"မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်ကောလိပ်များအထိလည်းကောင်း အားကစားပြက္ခဒိန်များ ရေးဆွဲ၍ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၉။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၀။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က **"ပြည်သူလူထု ကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြု လောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေး ကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၁၁။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော **“ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## ဒသမနေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၇၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့ -

(၁) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၃ ရက်၊

(၂) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၁ ရက်၊

(၃) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးမူမူ (ခ) ရှားမီး ခွင့် ၃ ရက်၊
(၅) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၆) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊
(၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊
(၈) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် ခွင့် ၁ ရက်၊
(၉) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊
(၁၀) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၃ ရက်၊
(၁၁) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၂) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၁၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၃ ရက်၊
(၁၄) မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ခွင့် ၁ ရက်၊
(၁၅) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့် (ခ) အောင်ဇော်မြင့် ခွင့် ၁ ရက်၊
(၁၆) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၇) တပ်မတော်သားကိုယ်စားလှယ်မှ ဗိုလ်မှူးကျော်ကျော်ထက် ခွင့် ၂ ရက်၊
(၁၈) တပ်မတော်သားကိုယ်စားလှယ်မှ ဗိုလ်မှူးဝင်းမင်းထွန်း ခွင့် ၂ ရက်၊
(၁၉) ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း ခွင့် ၁ ရက်၊
(၂၀) တပ်မတော်သားကိုယ်စားလှယ်မှ ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၁ ရက်၊
(၂၁) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် (ခ) ဇေယျာသော် ခွင့် ၁ ရက်နှင့်
(၂၂) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မှူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ပါမယ်။

**မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စု (ကုံးလုမ်း၊ ပန်းကျိုင်း၊ မိုက်ရှားစေး-ပုံစုတ်) ရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ တစ်ချိန်က ဝေးလံခေါင်သီခက်ခဲသောဒေသတစ်ခုဖြစ်ခဲ့တဲ့

မောက်မယ်မြို့နယ် ကဒူးကြီးဒေသရှိကျေးရွာများ ပိုမိုကောင်းမွန်တဲ့ ဆက်သွယ်ရေးလမ်းကြောင်းများ အသုံးပြုခွင့်ရရှိစေရေးအတွက် ဒီမေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ် ကဒူးကြီးဒေသသို့ဆက်သွယ် သွားလာရေးလွယ်ကူစေရန် ယခင်အစိုးရလက်ထက်၌ ဝမ်စလောင်း-ကဒူးကြီးဖောက်လုပ်ခြင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြေသားလမ်းများဖောက်လုပ်ခြင်း၊ ကျောက်ချောလမ်းများခင်းပေးခြင်းတို့ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ရာ ယခုဘဏ္ဍာရေးနှစ်အထိတိုင် ဆောင်ရွက်ပေးနေဆဲဖြစ်ပါတယ်။ ဝမ်စလောင်း-ကဒူးကြီးလမ်းမှတစ်ဆင့် အနောက်ဘက်တောင်ပေါ်ဒေသ နားဟီး၊ ဝမ်မတ်၊ နောင်ထောင်ဒေသများသို့ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ပါတယ်။ ယခင်က လူသွားလမ်း ဝန်တင်မြင်းလမ်းသာရှိခဲ့သဖြင့် သွားလာရေးခက်ခဲခဲ့ပါတယ်။ ယခုအခါ မြင်းများအစား မော်တော်ဆိုင်ကယ်များ တွင်ကျယ်စွာအသုံးပြုလာနိုင်ပြီဖြစ်ပါတယ်။ မောက်မယ်မြို့နယ် ဆေးရုံသို့ အရေးပေါ်လူနာများ လွယ်ကူစွာလာရောက်ကုသမှု ခံယူနိုင်ပြီဖြစ်ပါတယ်။ ယခုအခါ ကုံးလုမ်းရွာတောင်ဘက်ခြမ်းဖြစ်သော ပန်းကျိုင်း-မိုက်ရှားစေး-ပုံစုတ်ရွာအထိ မြေသားလမ်းမှာ ယခင်က ရ.လ.လ.ဖ ငြိမ်းချမ်းရေးအဖွဲ့ သစ်ထုတ်လုပ်ခဲ့စဉ်က အသုံးပြုခဲ့သော လမ်းအူကြောင်းလမ်းကြမ်းမျှသာဖြစ်ပါတယ်။ မိုးရာသီ၌သွားလာရန် မလွယ်ကူပါ။ ဤမြေသားလမ်းများကိုပြန်လည်ဖောက်လုပ်ပေးပါက ကယားပြည်နယ် နမ့်အော်ရွာအထိ နယ်စပ်လမ်းများ ချိတ်ဆက်သွားမည်ဖြစ်ပါတယ်။ နယ်စပ်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုပေးနိုင်မည်ဖြစ်ပါသဖြင့် မြေသားလမ်းဖောက်လုပ်ဆောင်ရွက်ပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းများကိုလည်း နယ်စပ်ဒေသလူထုများကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု ကုံးလုမ်း-ပန်းကျိုင်း-မိုက်ရှားစေး-ပုံစုတ်မြေသားလမ်းပိုင်း အကောင်အထည်ဖော်ဆောင်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊

မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၏ နယ်စပ်ရေးရာဝန်ကြီးဌာနမှ မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စု၊ ကုံးလုမ်း-ပန်းကျိုင်း-မိုက်ရှားစေး-ပုံစုတ်ရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာပါရှိတဲ့ ကုံးလုမ်းမှ ပုံစုတ်ရွာအထိ ရွာချင်းဆက်လမ်း ၄ မိုင်ဟာ ဝမ်စလောင်း-ကဒူးကြီး ၂၀ မိုင်လမ်းကြောင်း ပေါ်မှ ခွဲထွက်လာတဲ့ ကျေးရွာချင်းဆက်လမ်းဖြစ်ပါတယ်။ ယခင် ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့မှ သစ်ထုတ်လုပ်စဉ် အသုံးပြုခဲ့သော တစ်ကြောင်းထိုးမြေသားလမ်းအဆင့်သာရှိကြောင်း၊ အဆိုပါလမ်းကို မြေသားလမ်းဖောက်လုပ်ပေးခြင်းဖြင့် ကုံးလုမ်း၊ ပန်းကျိုင်း၊ မိုက်ရှားစေနှင့် ပုံစုတ်ကျေးရွာများအတွင်းရှိ အိမ်ထောင်စု ၁၄၀ စု၊ လူဦးရေ ၄၀၁ ဦးတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရပါတယ်။

အဆိုပါလမ်းနှင့်ပတ်သက်၍ ဒေသက ယခင်တင်ပြခဲ့ခြင်းတော့မရှိခဲ့ပါဘူး။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့ရဲ့ (၅)နှစ်စီမံကိန်း ရန်ပုံငွေလျာထားချက်မှာလည်း ပါဝင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ကုံးလုမ်း-ပန်းကျိုင်း-မိုက်ရှားစေး-ပုံစုတ် မြေသားလမ်း ၄ မိုင်အား ဖောက်လုပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်တို့မှ စိစစ်ထောက်ခံတင်ပြလာမယ်ဆိုလို့ ရှိရင် နယ်စပ်ဒေသဖွံ့ဖြိုးရေး(၅)နှစ်စီမံကိန်းမှာ ထည့်သွင်းရေးဆွဲ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေအဆိုပြုလျာထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ခေါင်လန်ဖူးမြို့နယ် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသော လမ်း၊ တံတားများအား အမြန်ဆုံးပြုပြင်ပေးရန်နှင့် ညီတားဒီကျေးရွာအထိ ရာသီမရွေးသွားလာနိုင်သည့်လမ်း ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ခေါင်လန်ဖူးမြို့နယ်အတွင်း အရေးကြီးပြီး ပြည်သူလူထုအများဆုံး အသုံးပြုနေသည့်လမ်းဖြစ်သည့် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသောလမ်း၊ တံတားများ အမြန်ဆုံးဖောက်လုပ်ပြုပြင်ပေးရန်နှင့် ညီတားဒီကျေးရွာအထိ ရာသီမရွေးသွားလာနိုင်သည့်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းသွား မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံမြောက်ဘက်အကျဆုံးတွင်တည်ရှိသည့် တောင်ပေါ်မြို့ဖြစ်ပြီး ၂၀၈၁.၃၉ စတုရန်းမိုင်ကျယ်ဝန်းပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၈၆၀ တွင်တည်ရှိပြီး မိုးများသည့်ဒေသဖြစ်သည့်အတွက် နှစ်စဉ်လမ်း၊ တံတားများပျက်စီးမှုများပြီး သွားလာရေးခက်ခဲမှုများစွာ တွေ့ကြုံနေရပါတယ်။ ခေါင်လန်ဖူးမြို့နယ်တွင် လမ်းဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်ထိန်းသိမ်းနေသည့် အဓိကလမ်းလေးခုရှိပြီး ပူတာအို-မကွေဆက်-ခေါင်လန်ဖူးလမ်း မိုင် ၁၃၀ ကျော်နှင့် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်တို့တွင် လူဦးရေ ၉၀ ရာခိုင်နှုန်းကျော်အသုံးပြုနေသည့်လမ်းဖြစ်ပါသည်။ ထိုအထဲတွင် ခေါင်လန်ဖူး-ညီတားဒီ လမ်း ၅၅ မိုင်အတွင်း ပြီးခဲ့တဲ့နှစ်မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုပြီးရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းများ ဖြစ်ပေါ်ခဲ့ပြီး အဆိုပါလမ်းတစ်လျှောက် လမ်း၊ တံတားပျက်စီးမှုများစွာဖြစ်ပေါ်ခဲ့ရာ အချို့နေရာတွေသာ အနည်းအကျဉ်းပြုပြင်ပြီးလမ်း၊ တံတားပျက်စီးမှုအများပိုင်းကို ယနေ့အထိ ပြုပြင်မှုမရှိသေးသည်ကို တွေ့ရှိရပါသည်။ လမ်း၊ တံတားပြုပြင်ပေးမှုမရှိခြင်းကြောင့် တာဝန် ထမ်းဆောင်နေသောဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသူကျောင်းသားများ သွားလာရေးအတွက် အခက်အခဲများစွာတွေ့ရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခေါင်လန်ဖူး-ညီတားဒီလမ်းတွင် ရန်ပုံငွေ ၃၄၁.၂၀ သန်းဖြင့် ၁၂ ပေအကျယ် လမ်းချဲ့ခြင်း ၈ မိုင် လူ၊ လား ကူးကြိုးတံတား ငါးစင်း၊ ၆ ပေအကျယ် သစ်သားတံတား ၁၅ စင်း၊ ကျောက်တောင်နံရံချဲ့၍ လမ်းမျက်နှာစာပြုပြင်ခြင်း ၅ မိုင်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ဖော်ပြထားသော်လည်း အမှန်တကယ်မြေပြင်တွင် ၅၀ ရာခိုင်နှုန်းအပြင် ပြီးစီးမှုမရှိသည်ကို တွေ့ရှိရပါတယ်။ ဖြေကြားချက်နှင့် မြေပြင်ပေါ်တွင် ကွဲလွဲချက်များစွာဖြစ်ပေါ်နေသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးပေးရန်လည်း တင်ပြလိုပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့် ပြုပါ။

**မှူးကြမ်း**

အဲဒါတွေကတော့ ကျွန်တော်တို့ ပျက်စီးနေတဲ့လမ်းပိုင်းများဖြစ်ပါတယ်။ ဒါတွေက ကမ်းပါးတွေပြိုပြီး လမ်းတွေပြိုကျပြီးမှ လမ်းတွေပိတ်ဆို့နေတဲ့နေရာတွေဖြစ်ပါတယ်။ ဒါတွေကလည်း လမ်းတွေပိတ်ဆို့ပြီး ဖြေရှင်းဆောင်ရွက်ပေးမည့်သူမရှိတဲ့အတွက် ဒီလိုခက်ခက်ခဲခဲသွားလာနေရပါတယ်။ ဒါတွေကတော့ ပျက်စီးနေတဲ့တံတားများအပိုင်း ဖြစ်ပါတယ်။ ဒီဟာတွေကတော့ ကြိုးတံတားကို ဝါးတွေနဲ့ပဲခင်းပြီးမှ သွားလာနေရတဲ့ အန္တရာယ်ရှိတဲ့ကြိုးတံတားတွေဖြစ်ပါတယ်။ အဲဒီနေရာကတော့ လမ်းတွေမကောင်းလို့ တံတားတွေပါပြုတ်ကျနေတဲ့၊ ပြုတ်ကျသွားတဲ့နေရာတွေဖြစ်ပါတယ်။ ဒါတွေက ပျက်စီးနေတဲ့အများပိုင်းထဲမှ တချို့တဝက်ပဲ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဒီဟာတွေကလည်း အမျိုးသမီးတွေဆို သွားလို့မရဘူး။ ပစ္စည်းတွေရှိတယ်ဆိုရင် ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းပို့တာတောင်မှ အမျိုးသားတွေပဲစောင့်ပြီးမှ တံတားကိုပို့နေရတဲ့နေရာတွေဖြစ်ပါတယ်။ အဲဒါတွေကတော့ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်တဲ့ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ကျွန်တော်တို့လက်မှတ်ထိုးပြီးမှ ပေးပို့တဲ့ဟာတွေဖြစ်ပါတယ်။ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်တဲ့အကြောင်းတွေကို ကျွန်တော်တို့ပြည်သူတွေကို ပေးပို့တဲ့နေရာတချို့ကစာတွေ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်အတွင်း အရေးကြီးပြီး ပြည်သူလူထုအများဆုံးအသုံးပြုနေသည့်လမ်းဖြစ်သော ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသော လမ်း၊ တံတားများအား အမြန်ဆုံးဖောက်လုပ်ပြုပြင်ပေးရန်နှင့် ညီတားဒီကျေးရွာထိ ရာသီမရွေးသွားလာနိုင်သည့်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဌာနဆိုင်ရာ န်ထမ်းများနှင့် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခေါင်လန်ဖူးမြို့နယ်အတွင်း အရေးကြီးပြီး ပြည်သူလူထုအများဆုံးအသုံးပြုနေသောလမ်းဖြစ်တဲ့ ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရတဲ့လမ်းတံတားများကို အမြန်ဆုံးဖောက်လုပ်ပေးရန်နှင့် ညီတားဒီကျေးရွာအထိ ရာသီမရွေးသွားလာနိုင်သည့်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

**မူကြမ်း**

လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်မှာပါရှိတဲ့ ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၂၈.၁၃ သန်းဖြင့် ခေါင်လန်ဖူး ဌာနေ ပြည်သူ့စစ်အဖွဲ့က မြေသားလမ်းဖောက်လုပ်ပေးခဲ့တာ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန ဟာ လက်ရှိမှာ ဝေးလံခေါင်ပါးနယ်စပ်ဒေသများ၊ ငြိမ်းချမ်းရေးလိုလားတဲ့ တိုင်းရင်းသားအဖွဲ့အစည်း များရဲ့ အခြေခံနယ်မြေများမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခေါင်လန်ဖူးမြို့နယ်ဟာ နယ်မြေ ပိုင်းခြားခွဲဝေသတ်မှတ်မှုအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်မြေအတွင်းမှာပါဝင်ပါ တယ်။ ညီတားဒီကျေးရွာဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးလျက်ရှိသောနယ်မြေအတွင်းမှာပါဝင်ကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ လမ်း၊ တံတားများမှာ ဖောက်လုပ်ရန် ခက်ခဲပြီး ငွေကြေးကုန်ကျမှုများသောအပိုင်းများလည်း ပါဝင်တာဖြစ်ပါသဖြင့် နယ်စပ်ရေးရာဝန်ကြီး ဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ နယ်မြေအတွင်းမှာ ပါဝင်တဲ့ ညီတားဒီကျေးရွာအပိုင်းမှ ညီတားဒီ-ခေါင်လန်ဖူးလမ်း ၅၅ မိုင်အနက် ၁၀ မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆိုပြုလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ရှိပါ တယ်။ ကျွန်တော်တို့ဒေသဟာ မိုးများပြီး ရာသီဥတုဆိုးရွားပြီး နှစ်စဉ်လမ်း၊ တံတားများစွာ ထိခိုက် ပျက်စီးမှုရှိပြီး ပြည်သူလူထုရော၊ ဌာနဆိုင်ရာရော၊ ကျောင်းသားလူငယ်ရော သွားလာရန်အခက်အခဲ များစွာတွေ့ကြုံနေရတဲ့ မြို့နယ်ဖြစ်ပါတယ်။ ဒါကြောင့် ခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်ကို လမ်းဦးစီးဌာနမှလည်း နှစ်စဉ်ဘတ်ဂျက်တွေ များစွာချပြီးမှ ဆောင်ရွက်နေသော်လည်း လျာထားချက် မပြည့်မီခြင်း၊ ပြုပြင်မှုမရှိခြင်း၊ အောက်ခြေမှတက်လာသည့်ဟာကို ဒီမှာ ဒီတိုင်းပဲ ဖြေကြားခြင်းတွေ မကြာခဏတွေ့ကြုံနေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီခေါင်လန်ဖူး-ညီတားဒီလမ်း ၅၅ မိုင်အား

ရာသီမရွေးသွားလာနိုင်ရန်အတွက် မည်သည့်ဘတ်ဂျက်နှစ်တွင် ပြီးစီးအောင်တည်ဆောက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနက လမ်းအပိုင်းကိုတော့ ကျွန်တော်တို့ဆင်းပြီးတော့ စစ်ပြီးပါပြီခင်ဗျား။ စစ်ပေးပြီးတော့ ပြန်တင်ပြပြီးတော့ တွေ့ရှိချက်ကတော့ လောလောဆယ် ဒီမှာတော့ ၅၅ မိုင်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနကတော့ ၁၀ မိုင်ပဲပါပါတယ်ခင်ဗျား။ ၁၀ မိုင်ပါတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့အပိုင်းမှာရှိတဲ့ လမ်းတံတားတွေကိုတော့ ကျွန်တော်တို့ဆင်းစစ်ပြီးတော့ ဘတ်ဂျက်အမီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရပ်စောက်မြို့နယ်၊ ကျောက်ကူကျေးရွာ၊ ကျောက်ကူ-တမင်းပေါင်း-ကျောက်မီးခတ်-ခဲကြား-တောင်ခမ်း-ဖရင်းကုန်းလမ်း(၆)မိုင်ကျော်ကို မြေသားအမာခံလမ်းမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ် ရပ်စောက်မြို့နယ်ရဲ့ မြောက်ဘက်အစွန်ပိုင်းရှိ ကျောက်ကူကျေးရွာအုပ်စုအတွင်းရှိသော ကျေးရွာ ခြောက်ရွာ ဆက်သွယ်သွားလာသည့် ကျောက်ကူ-တမင်းပေါင်း-ကျောက်မီးခတ်-ခဲကြား-တောင်ခမ်း-ဖရင်းကုန်းလမ်း ၆ မိုင်ကျော်ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီးမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကျေးရွာချင်းဆက်လမ်းနှင့် ဆက်စပ်နေသော ကျေးရွာခြောက်ရွာတွင် အိမ်ခြေ ၆၀၀ ကျော်နှင့် လူဦးရေ ၃၀၀၀ ကျော်မှီတင်းနေထိုင်လျက်ရှိပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားစိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။

**မူကြမ်း**

အဓိကဒေသထွက်ကုန်များဖြစ်သည့် စပါး၊ ပဲပုတ်၊ မြေပဲ၊ ပြောင်းစသည့် သီးနှံထွက်ကုန်များကို ကျောက်ကူဈေးသို့ တင်ပို့ရောင်းချရန်အတွက် အဓိကကုန်ထုတ်လမ်းနှင့် အခြားသော ပညာရေး၊ ကျန်းမာရေး၊ လူထုအကျိုးပြုလုပ်ငန်းများ အသုံးချခြင်းများအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ်ကျေးရွာများမှ ပြည်သူများက ၎င်းမြေသားလမ်း ၆ မိုင်ကို ကျောက်များထည့်၍ မြေသား အမာခံလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပြီး သွားလာနေရပါတယ်။ ကျေးရွာပြည်သူများမှ ကိုယ့်အား ကိုယ်ကိုးပြုပြင်ဆောင်ရွက်သွားလာနေရသော်လည်း မိုးတွင်းကာလများတွင် လမ်းများပျက်၍ သွား လာမှုခက်ခဲသောကြောင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျောက်ကူ-တမင်းပေါင်း-ကျောက်မီးခတ်-ခဲကြား-တောင်ခမ်း-ဖရင်းကုန်း ကျေးရွာချင်းဆက်လမ်း ၆ မိုင်ကျော်ကို မြေသားအမာခံလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး ရှိ/မရှိကို ဒေသခံပြည်သူများ၏ကိုယ်စား ပြည်ထောင်စုအစိုးရ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်ကူကျေးရွာ၊ ကျောက်ကူ-တမင်းပေါင်း-ကျောက်မီးခတ်-ခဲကြား-တောင်ခမ်း -ဖရင်းကုန်းလမ်း(၆)မိုင်ကျော်ကို မြေသားအမာခံလမ်းမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင် ခြင်းရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကျောက်ကူ-ဖရင်းကုန်းလမ်းပိုင်းကို ဒေသအစီ အစဉ်ဖြင့် မြေသားလမ်းဖောက်လုပ်ထားကြောင်း တွေ့ရှိရပြီးတော့ လမ်းကြောင်းအရှည်ဟာ ၇ မိုင် ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လွှတ်တော်ရန်ပုံငွေကျပ် ၂.၅ သန်းဖြင့် ပြုပြင်ထိန်းသိမ်း

ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ၁၅ ပေ ကွန်ကရစ်တံတား တစ်စင်းကိုလည်း တည်ဆောက်ပေးခဲ့ပါတယ်။ အဆိုပါ ရပ်စောက်မြို့နယ်၊ ကျောက်ကူ-တမင်းပေါင်း-ကျောက်မီးခတ်-ခဲကြား-တောင်ခမ်း-ဖရင်းကုန်းလမ်းပိုင်း ၇ မိုင်ကို ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်က စတင်ပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်းပိုင်းအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**နမ့်တူမြို့နယ်၊ နမ့်တောင်ကုန်းကျေးရွာအုပ်စု၊ နားကဲ့ကျေးရွာအနီးရှိ နားကဲ့ဘေလီတံတားအား ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ့်တူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ့်တူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ့်တူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၀)ရက်မြောက်နေ့မှာ နမ့်တူမြို့နယ်မှာ ရှိနေတဲ့ နားကဲ့ပေလီတံတားနှင့်ပတ်သက်တဲ့ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ၁၁၀ ပေ ရှည်ပြီး၊ အကျယ် ၁၂ ပေရှိတဲ့ နှစ်လွှာတစ်ထပ် နားကဲ့ဘေလီတံတားဖြစ်ပါတယ်။ ဒီတံတားမှာ ကြမ်းခင်းတွေဟာဆိုလို့ရှိရင် ယိုယွင်းပျက်စီးနေတဲ့အတွက်ကြောင့် ၂၀၁၄ ခုနှစ်မှာ ကားကျွံတဲ့ဖြစ်ရပ်တွေလည်း ရှိခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံအတွက် ကုန်စည်စီးဆင်းမှုအဓိကဖြစ်နေတဲ့ မူဆယ်-လားရှိုး-မန္တလေးလမ်းမဟာ ဆိုလို့ရှိရင် သီပေါနဲ့လားရှိုးလမ်းအပိုင်းက တစ်စုံတစ်ခုပိတ်ဆို့မှုဖြစ်ခဲ့မယ်ဆိုလို့ရှိရင် သီပေါကနေပြီးတော့ မန်စံ၊ မန်စံကနေပြီးတော့ ဒီနားကဲ့တံတား အဲဒီကနေတစ်ဆင့် လားရှိုးကိုသွားရမှာဖြစ်ပါတယ်။ ခံနိုင်ဝန်အားဖြင့် ၁၀ တန်နှင့်အထက်ကားတွေအတွက် အန္တရာယ်ရှိနေတဲ့ ဒီတံတားဟာ ကုန်စည်စီးဆင်းမှုအတွက် အရန်လမ်းကြောင်းမှာရှိနေတဲ့ပေလီတံတားဖြစ်နေပါတယ်။

ကျွန်မမြို့နယ်ဖွံ့ဖြိုးရေးအတွက် မဟုတ်ဘဲနဲ့ နိုင်ငံရဲ့ကုန်စည်စီးဆင်းမှုစဉ်ဆက်မပြတ် စီးဆင်းနိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ အရန်လမ်းကြောင်းမှာရှိနေတဲ့တံတားဟာ ဘေလီတံတားဖြစ်ရမည့်

အစား ခိုင်ခံ့တဲ့ကွန်ကရစ်တံတားသာ ဖြစ်သင့်ပါတယ်။ အဲဒါကြောင့် နားကျဲဘေလီတံတားကို နှစ်လွှာတစ်ချပ်ဘေလီတံတားအား ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်ကာလမှာ တည်ဆောက်ပေးမှာကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးက မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ နမ့်တောင်ကုန်းကျေးရွာအုပ်စု၊ နားကျဲကျေးရွာအနီးမှာရှိတဲ့ နားကျဲဘေလီတံတားအား ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နားကျဲဘေလီတံတားဟာဆိုရင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်မှာရှိတဲ့ လားရှိုး-မန်စံလမ်း မိုင်တိုင်(၂၆/၇-၂၇/၀)ကြားမှာရှိတဲ့ နမ့်တောင်ကုန်းကျေးရွာအုပ်စု၊ နားကျဲကျေးရွာအနီးမှာ တည်ရှိပါတယ်။ ပြည်ထောင်စုအစိုးရကနေပြီးတော့ စီမံခန့်ခွဲသောလမ်းဖြစ်ပြီးတော့ လမ်းအထူးအဖွဲ့(၆)မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ နားကျဲတံတား(တံတားအမှတ်-၃/၂၇)ဟာ ၃၀ ပေ x ၂ ခန်း၊ ၅၀ ပေ x ၁ ခန်း စုစုပေါင်း ပေ ၁၁၀ ရှည်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၂ ပေ နှစ်လွှာတစ်ထပ်ဘေလီတံတားဖြစ်ပါတယ်။ တံတားခံနိုင်ဝန်မှာ ယာဉ်+ကုန် ၁၃ တန်ရှိပါတယ်။ ယခုလက်ရှိနေ့စဉ်ဖြတ်သန်းသည့် ပျမ်းမျှယာဉ်ပမာဏမှာ ယာဉ်စီးရေ ၄၆၃ စီးဖြတ်သန်းသွားလာလျက်ရှိပါတယ်။ နားကျဲတံတားကို ၁၁၀ ပေရှည် ယာဉ်သွား လမ်းအကျယ် ၂၄ ပေ၊ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရန်အတွက် ၂၀၁၇-

၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ် ၄၈၅.၀ သန်းအား လျာထား တင်ပြတောင်းခံခဲ့သော်လည်း မရရှိခဲ့ပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထား တင်ပြတောင်းခံသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ လုပ်ငန်းများဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ လမ်း ၁၀ လမ်းအား အမြန်ဆုံးခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တာဝန်ဖြင့် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံရာတွင် မဲဆန္ဒရှင်ပြည်သူများမှ လျှပ်စစ်မီးပြည့်ဝစွာရရှိရေး၊ သောက်သုံးရေ ပုံမှန်နှင့် လုံလောက်စွာရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် လမ်းများခင်းပေးရန်နှင့် ရေစီးရေလာကောင်းမွန်စွာ ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြပါတယ်။ အထူးသဖြင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် လမ်းများခင်းပေးနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြတောင်းဆိုပေးပါရန် တောင်းဆိုဆွေးနွေးကြပါတယ်။ တောင်းဆိုဆွေးနွေးမှုများအရ ရန်ကုန်မြို့တော်စည်ပင်သာယာ၊ လမ်းတံတားဌာနနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ၌ အောက်ဖော်ပြပါ ပြည်သူများ အသုံးပြုနေသည့် လမ်း ၁၀ လမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ လွှဲပြောင်းပေးမှုမရှိသေးသောကြောင့် ၎င်းတို့မှခင်းပေးရန်၊ ပြုပြင်ပေးရန်တာဝန်မရှိ၍ မဆောင်ရွက် ပေးနိုင်ပါကြောင်း ပြန်ကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ လမ်း ၁၀ လမ်းသည် မြို့နယ်နေ မဲဆန္ဒရှင်ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့မှဖြစ်စေ အမြန်ဆုံးခင်းပေးရန်၊ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ဆိုသည်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ ဆောင်ရွက်ပေးစေလိုတဲ့လမ်းများကတော့ ရတနာပုံပတ်

လမ်း (၅၄)ရပ်ကွက်မှ ကျန်စစ်သားလမ်းအထိတစ်ပိုင်း၊ ကျန်စစ်သားလမ်းမှ ရိုးမရိပ်သာလမ်းအထိ တစ်ပိုင်းနှင့် လှော်ကားလမ်း ရိုးမရိပ်သာလမ်းမှ အမှတ်(၂)လမ်းမကြီးအထိတို့သည် မြေသားလမ်းများ ဖြစ်၍ အသစ်ခင်းပေးပါရန်၊ ပင်လုံလမ်း၊ ရိုးမရိပ်သာလမ်း၊ ဘုရင့်နောင်လမ်း၊ ပြည်ထောင်စု လမ်းသွယ်၊ ပြည်ထောင်စုလမ်း၊ မြိတ်လမ်း၊ ကျန်စစ်သားလမ်း၊ ရတနာပုံမှ အမှတ်(၂)လမ်းမကြီး အထိတို့သည် ကွန်ကရစ်ခင်းလမ်းဟောင်းများဖြစ်ပါ၍ ပျက်စီးနေမှုများအတွက် ပြန်လည်ခင်းပေး ပါရန် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်မှ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်းမှာရှိတဲ့ လမ်း ၁၀ လမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန အိုးအိမ်ဦးစီး ဌာနမှဖြစ်စေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဖြစ်စေ အမြန်ဆုံးခင်းပေးရန်အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း တဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းမှာရှိတဲ့ လမ်း ၁၀ လမ်းအနက် ပင်လုံလမ်း၊ ရတနာပုံပတ်လမ်း၊ ဘုရင့်နောင်လမ်း၊ ပြည်ထောင်စုလမ်းသွယ်၊ ပြည်ထောင်စုလမ်းနှင့် မြိတ်လမ်းစသည့် လမ်းခြောက်လမ်းမှာ ကွန်ကရစ်လမ်းများ ခင်းကျင်းပြီးဖြစ်ပါ တယ်။ ကျန်စစ်သားလမ်းမှာ ကတ္တရာခင်းကျင်းထားသောလမ်းဖြစ်ပါတယ်။ ကျန်ရှိသော လမ်းသုံးလမ်း အနက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အလျား ၁၃၅၁၂ ပေ အရှည်ရှိတဲ့ ရိုးမရိပ်သာလမ်းမကြီး(အမှတ်(၂) လမ်းမကြီးမှ ဒဂုံဆိပ်ကမ်း ကျိုစု(၁၆၈) ပဲခူးမြစ် ကမ်းနားပတ်လမ်းအထိ)လမ်းပိုင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုငွေကျပ်သိန်း ၁၅၀၀ နှင့် ကွန်ကရစ်လမ်းပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိုးအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တင်ပြထားတဲ့ လမ်း ၁၀ လမ်းအနက်က လှော်ကားလမ်း (ရိုးမရိပ်သာလမ်း

ကနေပြီးတော့ ကျိုက်စုရွာအထိနှင့် ကျိုက်စုရွာမှ အမှတ်(၂)လမ်းမကြီးအထိ)မြေသားလမ်း ၂၁၈၃၂ ပေ လမ်းပိုင်းနှစ်ခုကို လမ်းအသစ်ခင်းပေးရန် အင်ဂျင်နီယာများကွင်းဆင်းတိုင်းတာ၍ ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ထားရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်မှ ရန်ပုံငွေခွင့်ပြုချက်ရရှိပါက လျော်ကားလမ်းအသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရတနာပုံပတ်လမ်း (၅၄)ရပ်ကွက်မှ ကျန်စစ်သားလမ်း အထိ မြေသားလမ်း ၅၁၄၁ ပေ လမ်းပိုင်းနှင့်ပတ်သက်၍ ကွန်ကရစ်လမ်းအဆင့် တိုးမြှင့်ခင်းကျင်းပေး နိုင်ရေးကိစ္စကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ဌာနချင်းညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ပေါက်တောမြို့နယ်၊ ပေါက်တော-မင်းပြားလမ်းပေါ်ရှိ ရွာချောင်းကြီးတံတားကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ရိုသေစွာဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံပါ။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပေါက်တော-မင်းပြားလမ်းပေါ်ရှိ ရွာချောင်းကြီး တံတားကို အချိန်မီအဆင့်မြှင့်တင်ဆောင်ရွက်သွားရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပါမည်လဲဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ အချက်သုံးချက်လောက် ကျွန်တော်တင်ပြဖို့ရှိပါတယ်။ တစ်ချက်ကတော့ တံတားအခြေအနေ ဘယ်လို ရှိသလဲဆိုတဲ့တစ်ချက်ပါ။ နောက်တစ်ချက်က တံတားပျက်စီးရင် ဘာဖြစ်သွားနိုင်သလဲဆိုတဲ့အချက်ပါ။ နောက်တစ်ချက်ကတော့ အထူးရန်ပုံငွေတင်ပြတောင်းခံမှုအခြေအနေဖြစ်ပါတယ်။ အချက်(၁)အနေနဲ့ ပေါက်တော-မင်းပြားလမ်းဟာ မိုင် ၂၀ ၃ ဖာလုံပဲဝေးပါတယ်။ အခု ကျွန်တော်တင်ပြတဲ့ ရွာချောင်းကြီး တံတားဟာလည်း ပေါက်တောမြို့နဲ့ ၂ မိုင်ခွဲလောက်ပဲကွာပါတယ်။ ဒီတံတားဟာ သာမန်အားဖြင့် သံပေါင် + ဘေလီ + သံပေါင်ဆိုပြီး သုံးခန်းဆက်ဆောက်လုပ်ထားတဲ့တံတားဖြစ်ပါတယ်။

တံတားနဲ့ပတ်သက်လို့ အနည်းငယ်တင်ပြပါမယ်။ Power Point သုံးခွင့်ပြုပါ။ အခု မြင်ရတဲ့ ပုံ(၁)ကတော့ ပေါက်တောမြို့နယ် ရွာချောင်းကြီးတံတားကို အပေါ်ကစီးမြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒီတံတားဟာ ၂၀၀၃-၂၀၀၄ ခုနှစ်ကစတင်ဆောက်လုပ်ခဲ့တဲ့တံတားဖြစ်တဲ့အတိုင်း ကားများသွားလိုက်ရင် ရထားစီးရသလိုပဲ တဂျုန်းဂျုန်း တဂျက်ဂျက်နဲ့ ဖြစ်နေပါတယ်။ ပုံ(၂)ပြပါ။ အဲဒီတံတားကို ကျွန်တော် စောစောကအစီရင်ခံခဲ့တဲ့အတိုင်း တံတားကိုသုံးဆင့်ထိုးထားပါတယ်။ ပထမတစ်ဆင့် သံပေါင်၊ အလယ်မှာ ဘေလီတစ်ထပ်ပါ။ နောက်ဆုံးမှာ သံပေါင်ဘေလီဖြစ်ပါတယ်။ နောက် ကျွန်တော် ခုနကပဲ တင်ပြခဲ့တဲ့ ပထမအဆင့်သံပေါင်တံတားဖြစ်ပါတယ်။ လက်ရန်းတွေလည်းသစ်သားဖြစ်ပါတယ်။ နောက်ဆုံးတစ်ပိုင်းကတော့ အလယ်ကဘေလီတံတား၊ အစွန်က သံပေါင်တံတားဖြစ်ပါတယ်။ ဘေလီတံတားဟာလည်း တစ်ထပ်ဘေလီဖြစ်တဲ့အတွက် ကုန်တန် ၁၃ တန်ထက်ပိုမခံနိုင်ဘူးဆိုပြီးတော့မှ ဆိုင်ရာက ထောက်ခံချက်ပေးထားပါတယ်။ တကယ်လို့တံတားပျက်စီးယိုယွင်းခဲ့ရင် ချဉ်းကပ်လမ်းတို့၊ လမ်းလွှဲတို့ လုပ်ဖို့ဆိုတာခက်ပါတယ်။ ဘာလို့လဲဆိုရင် ဘေးဘက်မှာ ရေပြင်ကြီးဖြစ်နေဖို့ဖြစ်ပါတယ်။ ရပါပြီ။

ကျွန်တော်တင်ပြလိုတာကတော့ ဒီတံတားဟာ ခံနိုင်ရည်မရှိတဲ့အတွက် တစ်လမ်းလုံးရဲ့ အနေအထားကို ပြနေပါတယ်။ ဆိုလိုတာက ကျွန်တော်တို့အုပ်ချုပ်ရေးမှာ တစ်ခုလုံးရဲ့အနေအထားသည် အနည်းဆုံးအစိတ်အပိုင်းတစ်ခုရဲ့အနေအထားနဲ့ သွားညီတယ်ဆိုတာရှိပါတယ်။ ဥပမာပြရရင်တော့ ဒီခန်းမမှာ သံတံခါးတွေ၊ သစ်သားတံတားတွေတပ်ဆင်ထားပေမယ့် တစ်ပေါက်သောတံခါးကမှန်တံခါးဖြစ်ခဲ့ရင် ဒီခန်းမကြီးရဲ့လုံခြုံမှုအဆင့်အတန်းဟာ မှန်တံခါးအဆင့်အတန်းနဲ့သွားညီတဲ့သဘောရှိပါတယ်။ အခုလည်းပဲ ကျွန်တော်တို့ ဒီတံတားဟာ တခြား ၆၀ တန်ခံနိုင်တဲ့တံတားတွေ၊ ၄၀၊ ၅၀ တန်ခံနိုင်တဲ့တံတားတွေရှိပေမဲ့ ၁၃ တန်ခံနိုင်တဲ့တံတားကြောင့် တစ်ခုလုံးကိုထိခိုက်သွားနိုင်တယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ နောက် တံတားနဲ့ပတ်သက်လို့ ရန်ပုံငွေကို ဆိုင်ရာဌာနမှာ တောင်းခံထားတာရှိသလားလို့ ကျွန်တော်မေးတဲ့အခါကျတော့ မြို့ပြဌာနမှာမရှိပါဘူး။ တံတားအထူးအဖွဲ့ကို ဆက်သွယ်မေးမြန်းတဲ့အခါမှာလည်း ၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့မပါဘူး။ နောက်နှစ်တွေမှာလည်း တင်ထားတာမရှိဘူးလို့ ဖြေပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီလိုအခြေအနေအောက်မှာ တစ်စုံတစ်ရာဖြစ်သွားခဲ့ရင် ခက်ပါတယ်ဆိုတဲ့အကြောင်း အဲဒါကြောင့်ဒီဟာကိုဖြင့် ဦးစားပေးပြီးတင်ပြဖို့ မေတ္တာရပ်ခံလိုခြင်းဖြစ်ပါတယ်။

**မူကြမ်း**

နိဂုံးချုပ်အနေနဲ့ကတော့ ပေါက်တောလမ်းပန်းဆက်သွယ်ရေး မပြတ်မတောက်ရစေရန် ဒီတံတားကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် အဆင့်မြှင့်တင်မည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပါမည်ဆိုသည်ကို တိတိကျကျသိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံက မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ် ပေါက်တော-မင်းပြားလမ်းပေါ်မှာရှိတဲ့ ရွာချောင်းကြီးတံတားကို အချိန်မီအဆင့်မြှင့်တင်ဆောက်လုပ်သွားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တော-မင်းပြားလမ်းဟာဆိုရင် ပေါက်တောမြို့ မိုင်တိုင်(၀/၀)မှ မင်းပြားမြို့ မိုင်တိုင်(၂၀/၆)အထိ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ ပေါက်တော-မင်းပြားလမ်းပေါ်ရှိတဲ့ မိုင်တိုင်အမှတ်(၂/၃-၄)တွင်တည်ရှိတဲ့ ရွာချောင်းကြီးတံတားဟာ ခန်းဖွင့်ပေ ၅၀ တစ်ခန်း၊ ပေ ၄၀ သုံးခန်းနှင့် ပေ ၃၀ နှစ်ခန်း၊ ပေ ၂၀ တစ်ခန်း စုစုပေါင်းပေ ၂၅၀ အရှည်ရှိပြီးတော့ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိကာ လက်ရှိတံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ပါတယ်။ ဘေလီတံတား အမျိုးအစားဖြစ်ပါတယ်။ နေ့စဉ်ဖြတ်သန်းသည့် ပျမ်းမျှယာဉ်ပမာဏမှာ ယာဉ်စီးရေအစီး ၃၀ ခန့် ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေကျပ်သန်း ၂၀ နဲ့ တံတား အထူးအဖွဲ့(၈)ကတာဝန်ယူပြီးတော့ ပျက်စီးနေသော ဘီးလမ်း၊ ကြမ်းခင်းများအား အသစ်လဲလှယ်ခြင်းဖြင့် ပြည်သူများအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တံတားအထူးအဖွဲ့(၈)က တာဝန်ယူဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ပေါက်တော-မင်းပြားလမ်းပေါ်မှာရှိတဲ့ ရွာချောင်းကြီးတံတား ပေ ၂၅၀ အရှည်တံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၈၇၅ သန်းကို ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြ

တောင်းခံပြီးတော့၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး တည်ဆောက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်။

**အင်းတော်-ဗန်းမောက်-မံစီလမ်းပေါ်ရှိ မိုင်တိုင်၊ ဖာလုံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် စိုက်ထူဆောင်ရွက်ပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတားများအား တံတားနံပါတ်များရေးသား၍ မှတ်ပုံတင်ထားရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကသာ-အင်းတော်-ဗန်းမောက် လမ်းပေါ်မှာရှိတဲ့ မိုင်တိုင်များ ဖာလုံတိုင်များ စိုက်ထူထားခြင်းနှင့် တံတားများတည်ဆောက်ရာမှာ တံတားအမှတ်အသားများ ရေးထိုးပြီးတော့မှ တံတားအရေအတွက်ကို မှတ်တမ်းတင်ထားမှုနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဗန်းမောက်မြို့နယ်မှာ လူဦးရေ ၁၁၀၀၀၀ ကျော်တည်ရှိပြီးတော့မှ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၄၇ ခု၊ ကျေးရွာအပေါင်း ၂၂၁ ရွာရှိပါတယ်။ ဗန်းမောက်မြို့နယ်ဟာ ကုန်းတွင်းပိုင်းမြို့နယ်ဖြစ်ပြီးမှ ဗန်းမောက်-အင်းတော်လမ်းမှတစ်ဆင့် နိုင်ငံအနှံ့ကိုသွားနိုင်ပြီးတော့မှ ဗန်းမောက်မြို့နယ်မှထွက်ရာ၊ တစ်မြို့နယ်လုံးအားထားရာ အရေးပါတဲ့လမ်းတစ်ခုဖြစ်ပါတယ်။ ဗန်းမောက်-မံစီလမ်းဟာလည်း ဗန်းမောက်နောက်ခြမ်းမှာရှိပြီးတော့ ရွာ ၁၃၀ ကျော်အတွက် ဗန်းမောက်မြို့နယ်သို့လာရာ အားထားရာလမ်းလည်းဖြစ်ပါတယ်။ ကသာ-ဗန်းမောက်-မံစီလမ်းဟာ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနတာဝန်ခံရတဲ့လမ်းဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားများ ခေတ်မီတိုးတက်လာစေရေး၊ တံတားဆောက်လုပ်ရေးကဏ္ဍစနစ်ကျန၍ ခေတ်မီစွာဖွံ့ဖြိုးတိုးတက်လာစေရေး၊ လမ်း၊ တံတားများကို အာဆီယံအဆင့်(၃) အနိမ့်ဆုံးဆောင်ရွက်ပြီးမှ ထိုမှတစ်ဆင့် မြှင့်တင်နိုင်ရေးအတွက် ရည်မှန်း ဆောင်ရွက်လျက်ရှိပါတယ်။ တံတားများတည်ဆောက်ရာမှာ စနစ်ကျမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုများရှိပြီးတော့

ခေတ်မီနည်းစနစ်များအသုံးပြုပြီးတော့ နိုင်ငံ့ဘဏ္ဍာကို အကျိုးရှိစွာ အသုံးပြုရမှာဖြစ်ပါတယ်။ ယခင်က စီမံကိန်းလုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ ပွင့်လင်းမြင်သာမှု အားနည်းခဲ့တဲ့အတွက်ကြောင့် လုပ်ငန်းများစစ်ဆေးတဲ့အခါမှာ အခက်အခဲများဖြစ်ရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘတ်ဂျက်စောင့်ကြည့်ရေးလုပ်ငန်းကို မိမိကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့စဉ်က မိုင်တိုင်များ၊ ဖာလုံတိုင်များ ပြည့်စုံစွာစိုက်ထူထားခြင်းမရှိတဲ့အတွက် တံတားများအား စိစစ်တဲ့အခါမှာ တံတား အမှတ်အသားများမရှိ၊ မည်သည့်တံတားဆောင်ရွက်သည်ကိုမသိရှိနိုင် ဖြစ်ခဲ့ရပါတယ်။ ယခုနှစ်များတွင်လည်း မိုင်တိုင်၊ ဖာလုံတိုင်များ တချို့နေရာများမှာရှိပြီးတော့ တချို့နေရာများမှာ မိုင်တိုင်၊ ဖာလုံတိုင်များမရှိဘူးဖြစ်ပါတယ်။ တံတားအမှတ်အသားများ ပြည့်စုံစွာရေးထိုးထားခြင်းမရှိတဲ့အတွက် မေးမြန်း၍ စိစစ်ရသည်များလည်း ရှိခဲ့ရပါတယ်။ ပွင့်လင်းမြင်သာစွာဆောင်ရွက်ပါက သာမန်ပြည်သူများပင် သိရှိနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

တံတားများဆောင်ရွက်ပြီးစီးမှုမှတ်တမ်း၊ ဆောင်ရွက်ရန်ကျန်ရှိတဲ့မှတ်တမ်းများကို ပြည့်စုံစွာရှိပါက ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းများမှာ လွယ်ကူလျင်မြန်စွာ၊ တိကျစွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တံတားများတည်ဆောက်ရာတွင် အာဆီယံအဆင့်မီဆောက်လုပ်ရမှာဖြစ်သလို CGS စနစ်ကီလိုမီတာအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာလည်း လက်ရှိအသုံးပြုလျက်ရှိသော မိုင်တိုင်၊ ဖာလုံတိုင်များ သေချာကျနစွာစိုက်ထူထားပြီး တစ်ဆင့်ချင်းပြောင်းလဲသွားပါမှ အဆင်ပြေချောမွေ့စေမှာဖြစ်ပါတယ်။ ယခုနှစ် လမ်းခင်းခြင်း၊ တံတားဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာမှာ Drawing Estimate BP ၊ BQ များကို အရည်အသွေးစစ်ကော်မတီသို့ တင်ပြခြင်းမရှိဘဲ လုပ်ဆောင်ခဲ့သဖြင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာမှာ အခက်အခဲများစွာဖြစ်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရေးနှင့် လမ်းပိုင်းများ တိကျမှန်ကန်စေရေးအတွက် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို ရိုသေစွာမေးမြန်းအပ်ပါတယ်။ (၁) အင်းတော်-ဗန်းမောက်-မံစီလမ်းပေါ်မှာရှိတဲ့ မိုင်တိုင်၊ ဖာလုံတိုင်များအား ကွန်ကရစ်တိုင်များအဖြစ် စိုက်ထူပေးရန် အစီအစဉ်ရှိ/မရှိနှင့် (၂) တံတားများအား နံပါတ်များရေးထိုး၍ မှတ်တမ်းတင်ထားရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်

ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကိုလည်း သိလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးမှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်မှာရှိတဲ့ (၁) အင်းတော်-ဗန်းမောက်-မံစီလမ်းပေါ်ရှိ မိုင်တိုင်၊ ဖာလုံတိုင်များအား ကွန်ကရစ်တိုင်များဖြင့် စနစ်တကျစိုက်ထူပေးနိုင်ရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ၊ (၂) ၎င်းလမ်းပေါ်ရှိ တံတားများအား တံတားနံပါတ်များရေးသား၍ စနစ်တကျမှတ်ပုံတင်ထားရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားနိုင်မည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ် အင်းတော်-ဗန်းမောက်-မံစီလမ်း(ကသာ-အင်းတော်-မံစီလမ်း)သည် မိုင်(၃၇/၀)ကနေပြီးတော့ (၇၆/၆) အထိ ၃၉ မိုင် ၆ ဖာလုံရှိပြီးတော့ ကီလိုမီတာအားဖြင့် ၅၉.၂ ကီလိုမီတာမှ ၁၂၂.၈ ကီလိုမီတာအထိ ၆၃.၆ ကီလိုမီတာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများတွင် လမ်းအကွာအဝေး ဖော်ပြချက်အား ယခင်က မိုင်/ဖာလုံတိုင်များ စိုက်ထူခဲ့ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်က စပြီးတော့ FPS စနစ်ကနေပြီးတော့ SI စနစ်သို့ ပြောင်းလဲသတ်မှတ်နိုင်ရန် ညွှန်ကြားခဲ့တဲ့အတွက် ကီလိုမီတာတိုင်များအား အစားထိုးစိုက်ထူနေကြပြီ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ အင်းတော်-ဗန်းမောက်-မံစီလမ်း(ကသာ-အင်းတော်-မံစီလမ်း)မှာဆိုရင် မိုင်/ဖာလုံတိုင်များအစား ကီလိုမီတာတိုင် ၆၅ တိုင်အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ ၂၁ တိုင်နှင့် ဌာနမှ ၄၄ တိုင်အား ကွန်ကရစ်တိုင်များဖြင့် စနစ်တကျစိုက်ထူဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းတော်-ဗန်းမောက်-မံစီလမ်း (ကသာ-အင်းတော်-မံစီလမ်း) ဗန်းမောက်မြို့နယ် မိုင်တိုင်(၃၇/၀)ကနေပြီးတော့ (၇၆/၆)ထိ ၃၉ မိုင် ၆ ဖာလုံအတွင်းတွင် ကွန်ကရစ်တံတား ၉၆

စင်း၊ ဘေလီတံတားသုံးစင်း၊ သစ်သားတံတား ၃၃ စင်း စုစုပေါင်း ၁၃၂ စင်းရှိပါတယ်။ တံတားများအား နံပါတ်များရေးသား၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများပေါ်မှာရှိတဲ့ ရေပြွန်မှအစ တံတားကြီး အထိ တံတားအခြေပြုဇယားတွင် ဘဏ္ဍာရေးနှစ်အလိုက် စနစ်တကျပြုစုထားရှိပါကြောင်းနှင့် တံတားများအားလုံး နံပါတ်များရေးဆွဲထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ရှိပါတယ်။

**ရွှေပြည်သာမြို့နယ်ရှိ မြေသားလမ်းများကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်၊ ထိုသို့ ခင်းပေးရာတွင် လမ်းဘေးရေမြောင်းများကို တစ်ပါတည်း တူးဖော်ပေးရန်နှင့် မြေအောက် ရေမြောင်း(Box Culverts)များကို ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်ရှိ မြေသားလမ်းများကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်၊ ထိုသို့ခင်းပေးရာတွင် လမ်းဘေးရေမြောင်းများကို တစ်ပါတည်း တူးဖော်ပေးရန်နှင့် မြေအောက် ရေမြောင်း(Box Culvert)များပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ကျွန်တော်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးမြန်းရတဲ့အကြောင်းရင်းကတော့ ကျွန်တော်တို့ ရွှေပြည်သာမြို့သစ်ဟာ ရွှေပြည်သာစက်မှုဇုန်တည်ရှိရာ စက်မှုဇုန်မြို့ဖြစ်ပါတယ်။ ဒီ စက်မှုဇုန်မြို့တွေနဲ့ပတ်သက်ပြီးတော့ တည်ဆောက်တဲ့အခါမှာ ပြည်တွင်းရော၊ ပြည်ပရော လေ့လာကြည့်တဲ့အခါမှာ လမ်းပန်းတွေကို သေချာ ကောင်းမွန်အောင်လုပ်ပြီးတော့မှ စနစ်တကျတည်ဆောက်တာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရွှေပြည်သာစက်မှုဇုန်မြို့သစ်အနေနဲ့ကတော့ ဒါနဲ့ပြောင်းပြန်ဖြစ်နေပါတယ်။ ကျွန်တော်တို့မြို့ကို ရပ်ကွက်ပေါင်း ၂၇ ခု၊ လမ်းပေါင်း ၁၄၅၆ လမ်းနဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီ ၁၄၅၆ လမ်းနဲ့ ဖွဲ့စည်း ထားတဲ့ မြို့စတည်တာ အခုဆို ၂၇ နှစ်ရှိပါပြီ။ ၁၄၅၆ လမ်းထဲမှာ ၇၃၄ လမ်းက မြေသားလမ်း ပဲရှိပြီးတော့ လုံးဝမခင်းရသေးပါဘူး။ ၇၂၂ လမ်းပဲ ခင်းရပါသေးတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် Power Point တင်ပြပြီးတော့ တင်ပြတဲ့အခါမှာ

လည်းပဲ လိုအပ်တဲ့နေရာမှာပဲ ကျွန်တော်အချိန်ကို ငှဲ့ညှာပြီးရှင်းလင်းသွားပါမယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ လှော်ကားပုံဖြစ်ပါတယ်။ ဒါကတော့ ဝါးတစ်ရာ (၂၃)ရပ်ကွက်မှာ မခင်းရသေးတဲ့လမ်းတွေဟာ အနီနဲ့ပြထားပါတယ်။ ဒါကတော့ (၁၉)ရပ်ကွက်အနေအထားတွေရှိပါတယ်။ လမ်းတွေမှာ (၉)ရပ်ကွက်အနေအထားပါ။ ဒါကတော့ ၁၀၅ လမ်းမှာ ၉၆ လမ်းအထိ မခင်းရသေးပါဘူး။ ဒါကတော့ (၃၂၊ ၄)ရပ်ကွက်ဖြစ်ပါတယ်။ ဒါကတော့ အမှတ်(၂၃)ရပ်ကွက် ဝါးတစ်ရာဖြစ်ပါတယ်။ ၃၁ လမ်းမှာ ၁၇ လမ်း မခင်းရသေးပါဘူး။ ဒါကတော့ (၁၉)ရပ်ကွက်ဖြစ်ပါတယ်။ ဒီပုံကတော့ အမှတ်(၉)ရပ်ကွက်ဖြစ်ပြီးတော့ ၁၀၅ လမ်းမှာ ၉၆ လမ်း မခင်းရသေးပါဘူး။ ဒါကတော့ (၃)ရပ်ကွက်ဖြစ်ပြီးတော့ ၅၈ လမ်းမှာ ၃၄ လမ်း မခင်းရသေးပါဘူး။ ဒါကတော့ အမှတ်(၈)ရပ်ကွက်ဖြစ်ပြီးတော့ ၅၁ လမ်းရှိတဲ့အနက် ၃၂ လမ်းမခင်းရသေးပါဘူး။ ဒါကတော့ အမှတ်(၁၆)ရပ်ကွက်ဖြစ်ပြီးတော့ လမ်း ၉၀ ရှိတဲ့အထဲမှာ ၆၆ လမ်းမခင်းရသေးပါဘူး။ ဒါကတော့ (၁၇၊ ဒ) ရပ်ကွက်ဖြစ်ပြီးတော့ ၁၀၅ လမ်းမှာ ၉၄ လမ်းမခင်းရသေးပါဘူး။ Power Point ပိတ်လို့ရပါပြီခင်ဗျား။

ဒါကြောင့်မို့လို့ ဒီလမ်းပေါင်း ၅၀ ရာခိုင်နှုန်းကျော်ကို ၂၇ နှစ်ကြာတဲ့အထိ မခင်းဘဲထားတဲ့ အတွက်ကြောင့် မြို့မှာရှိတဲ့ တိုင်းပြည်ရဲ့ကုန်ထုတ်စွမ်းအားစုတွေဖြစ်တဲ့ တစ်သိန်းလောက်ရှိတဲ့ စက်ရုံလုပ်သားတွေအနေနဲ့ သွားရေးလာရေးအင်မတန်ခက်ခဲတာကို ကြုံတွေ့နေရပါတယ်။ ဒီလိုကြုံတွေ့နေရတဲ့အတွက်ကြောင့် ကျွန်တော်တို့ဆီမှာဆိုလို့ရှိရင် စက်မှုဇုန် ငါးဇုန်နဲ့ ဖွဲ့စည်းထားပါတယ်။ ဒီစက်မှုဇုန် ငါးဇုန်မှာဆိုလို့ရှိရင် အလုပ်သမားပေါင်း ၅၀၂၄၁ ဦးရှိပြီးတော့ ကျန်တဲ့ဆက်စပ်ဇုန်တွေမှာလည်းရှိပါတယ်။ ဒီပုဂ္ဂိုလ်တွေက သွားရေးလာရေးဟာ အင်မတန်ခက်ခဲသလို ကျောင်းပေါင်းဆိုရင်လည်းပဲ ၅၇ ကျောင်းရှိပြီးတော့ ကျောင်းသူကျောင်းသား ၄၅၄၃၇ ဦးရှိပါတယ်။ ဒီကလေးတွေဟာ ဆိုလို့ရှိရင် ဗွက်ထဲရွှံ့ထဲကနေပြီး အခုလိုအချိန်မှာဆိုရင် ကျွန်တော်တို့ လမ်းတွေတော်တော်များများဟာ ရေအောက်ရောက်နေပါတယ်။ ဒီလို သွားလာလုပ်ကိုင်နေရတဲ့အတွက် အင်မတန် ဒုက္ခနဲ့ကြုံတွေ့ရပါတယ်။ မြို့ကိုလည်းပဲ ကျွန်တော်တို့ ပန်းခြံတွေနဲ့ တည်ဆောက်ထားပြီးတော့ ပန်းခြံတွေကို လမ်းလေးလမ်းနဲ့ တစ်ခါတည်းရန်လိုက်တဲ့အတွက် Box Culvert တွေမရှိတဲ့အခါကျတော့ ရှိတဲ့ဒီလမ်းလေးလမ်းကြားထဲက ပန်းခြံတွေမှာ ရေအိုင်တွေအဖြစ်ကို ပြောင်းသွားပြီးတော့ ခြင်တွေပေါက်ဖွားရာဖြစ်တယ်။ ဒီခြင်တွေက တအားကိုက်တဲ့အတွက်ကြောင့် ကလေးတွေဟာ အသက်အန္တရာယ်အထိ ကြုံတွေ့ရပြီးတော့ ရန်ကုန်တိုင်းဒေသကြီးမှာ ကျန်းမာရေးဦးစီးဌာနကနေပြီးတော့ ကြေညာချက်အရ ရန်ကုန်တိုင်းဒေသကြီးမှာ ကျွန်တော်တို့ သွေးလွန်တုတ်ကွေးရောဂါ ဒုတိယအများဆုံးမြို့နယ်ဖြစ်တာကို

တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆိုးဆိုးရွားရွားစီမံခန့်ခွဲခံထားရတဲ့ အနေအထားတွေရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က ကျန်တဲ့လမ်းတွေကို ခင်းပေးဖို့။ ခင်းတဲ့အခါမှာလည်း တစ်ပါတည်း ရေမြောင်းတွေ၊ (Box Culvert)တွေလုပ်ပေးဖို့၊ ဒါကြောင့် ဒီလိုဆိုးဆိုးရွားရွား စီမံခန့်ခွဲခံထားရတဲ့ အတွက်ကြောင့် ဘတ်ဂျက်ခွဲဝေသုံးစွဲတဲ့အခါမှာလည်းပဲ ကျွန်တော်တို့မြို့နယ်ကို ဦးစားပေးခွဲဝေပေးဖို့ လုပ်သားပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်းမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ရှိ မြေသားလမ်းများကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန်၊ ထိုသို့ ခင်းပေးရာတွင် လမ်းဘေးရေမြောင်းများကိုပါ တစ်ပါတည်း တူးဖော်ပေးရန်နှင့် မြေအောက်ရေမြောင်း(Box Culvert)များ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်အတွင်းမှာရှိတဲ့ ကျန်ရှိနေတဲ့မြေသားလမ်းများကို ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန်မှာ လာမည့်နှစ်များတွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြေသားမြောင်းများကိုလည်း လမ်းနယ်အကျယ်နဲ့ မြေကျန်ရှိမှုပေါ် မူတည်ပြီးတော့ ဘဏ္ဍာငွေရရှိမှုအလိုက် ဆောင်ရွက်ပေးသွားမှာဖြစ်သလို ရေစီးရေလာကောင်းမွန်စေရေးအတွက်ကတော့ လိုအပ်တဲ့နေရာတွေမှာ ရေထုတ်ပြွန်များကို ဦးစားပေးအစီအစဉ်အလိုက် ထည့်သွင်းဆောင်ရွက်သွားနိုင်ဖို့ လာမည့်ဘဏ္ဍာရေးနှစ်တွေမှာ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးညာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ အခုလို ပြည်ထောင်စုဝန်ကြီးအနေနဲ့ တိုင်းဒေသကြီးဝန်ကြီးတွေနဲ့ ဆက်စပ်ပြီးတဲ့အခါကျတော့ အခုလိုဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိတယ်။ ဘဏ္ဍာငွေအပေါ်မှာ အစီအစဉ်ရှိတယ်လို့ ကြားသိရတဲ့အတွက်ကြောင့် ကျွန်တော်အင်မတန်ပဲ ကျေးဇူးတင်ဝမ်းမြောက်ပါတယ်။ ဒါပေမဲ့ လာမယ့်ဘဏ္ဍာရေးနှစ်ကို မရောက်ခင်မှာ ကျွန်တော်တို့ ဒီကြားထဲမှာ RE ဖြည့်စွက် ပြည်သူ့ရန်ပုံငွေရှိနေတဲ့အနေအထား ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့် အနေနဲ့ အခုလိုတင်ပြတဲ့အချက်တွေဟာလည်းပဲ လုပ်သားပြည်သူများ ခံစားနေရတဲ့အချက်တွေကို မှန်မှန်ကန်ကန်နဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်များသိရှိပြီး ဆောင်ရွက်ပေးနိုင်အောင် တင်ပြခြင်းဖြစ်တဲ့အတွက် ကြောင့် ဒီဖြည့်စွက်ရန်ပုံငွေမှာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကျွန်တော် သိလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းပြီးတော့ လွှတ်တော်သို့ ပြန်လည်တင်ပြမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခွန်မောင်သောင်း(ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ တိုင်းရင်းသားရေးရာနှင့်

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ကော်မတီရဲ့ ၁၈-၂-၂၀၁၆ မှ ၁၆-၂-၂၀၁၇ ထိ တစ်နှစ်တာဆောင်ရွက်ခဲ့မှု လုပ်ငန်းအစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား တင်သွင်းသွားမှာဖြစ်ပါတယ်။ အချိန်ကို လေးစားသောအားဖြင့်လည်းကောင်း၊ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက်ကြောင့် အကျဉ်းချုံးပြီး ကျွန်တော် တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာတွင် နိဒါန်း၊ ဖွဲ့စည်းခြင်း၊ ကော်မတီရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လွှတ်တော်အတွင်း ဆောင်ရွက်ချက်များ၊ လွှတ်တော်ပြင်ပဆောင်ရွက်ချက်များ၊ အကြံပြုချက်များကို စာမျက်နှာ ၁၄ မျက်နှာဖြင့် ရေးသားပြုစု အစီရင်ခံထားပါတယ်။ အစီရင်ခံစာနိဒါန်းအပိုင်းတွင် ဤကော်မတီကို ပါတီ ရှစ်ပါတီဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ ရှမ်း၊ သက်၊ ပလောင်၊ ကိုးကန့်နှင့် ပအိုဝ်းတိုင်းရင်းသား ၁၀ မျိုးတို့ဖြင့် ၁၇-၂-၂၀၁၆ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက် အမိန့်ကြော်ငြာစာ(၂၂/၂၀၁၆) အရ လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဦးစွာဖွဲ့စည်းထားကြောင်း အစီရင်ခံစာတင်သွင်းသည့် တစ်နှစ်တာကာလအတွင်း ကော်မတီဝင်နှစ်ဦးကို အပြောင်းအလဲရှိခဲ့ကြောင်း ထို့အပြင် ကော်မတီလုပ်ငန်းများဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ထပ်မံ၍ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၆)အရ ကော်မတီဝင်သုံးဦးနှင့် လေ့လာသူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့အား ထပ်မံဖြည့်စွက်ဖွဲ့စည်းခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အစီရင်ခံစာတွင် ကော်မတီ၏သက်တမ်း၊ ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖော်ပြထားပြီး လွှတ်တော်ဆောင်ရွက်ချက်များနှင့် လွှတ်တော်ပြင်ပဆောင်ရွက်ချက်များကို ဆက်လက်တင်ပြထားပါတယ်။ လွှတ်တော်တွင်းဆောင်ရွက်ချက်များအနေဖြင့် အစည်းအဝေး(၁၁)ကြိမ်ပြုလုပ်ပြီး ဆုံးဖြတ်ချက် ၄၀ ခု လမ်းညွှန်မှုခြောက်ခုတောင်းခံခဲ့တဲ့အကြောင်း ဒါ့အပြင် ကော်မတီအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း အဆိုတစ်ခု၊ ကြယ်ပွင့်ပြမေးခွန်း ၁၅ ခု၊ ကြယ်ပွင့်မပြ ၁၂ ခု၊ ထောက်ခံဆွေးနွေးမှု ၂၀ ခု ဆောင်ရွက်ခဲ့ကြောင်းနှင့် နိုင်ငံခြားချစ်ကြည်ရေးခရီးစဉ်၊ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ခြင်းတို့ကို ဖော်ပြအစီရင်ခံထားပါတယ်။ တိုင်းရင်းသားရေးရာနှင့်ပတ်သက်၍ ဖွံ့ဖြိုး

တိုးတက်မှုနည်းသော တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများနွေးကွေး လျက်ရှိကြောင်းကိုလည်း ဖော်ပြထားပါတယ်။ တိုင်းရင်းလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း နည်းဥပဒေအမြန်ရေးဆွဲရန် တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန တာဝန်ရှိပုဂ္ဂိုလ်များနှင့်ညှိနှိုင်းဆောင်ရွက်တဲ့အပြင် ၎င်းနှင့်ပတ်သက်ပြီးတော့ မှ အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်တက်ရောက်ပြီး တိုင်းရင်းသားစာပေသင်ကြားရေး အဆင်ပြေချောမွေ့ စေရေးစသည်တို့ကို ညှိနှိုင်းဆောင်ရွက်အကြံပြုပေးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရေရှည်တည်တံ့သော ငြိမ်းချမ်း ရေးရရှိရန် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်း ဖြင့် ဖြေရှင်းမှသာ အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်သည့်အလျောက်ကျင်းပပြီး ကျင်းပဦးမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံအတွက် NRPC တွင်လည်းကောင်း၊ UPDJC ကော်မတီများတွင်လည်းကောင်း၊ ပါဝင်ဆောင်ရွက်ခဲ့မှုများကို အမျိုးသားအဆင့် ဆွေးနွေးပွဲများ ဖြစ်ကြသည့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများတွင် ကော်မတီဝင်များမှ ပါဝင်ဆောင်ရွက်ခဲ့တဲ့အခန်းကဏ္ဍများကို တင်ပြအစီရင်ခံ ထားပါတယ်။ ကော်မတီဝင်များသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူထုများ ပါဝင်လာအောင် စည်းရုံးခြင်း၊ မြို့နယ်ဖွံ့ဖြိုးရေးကော်မတီနှင့် ဌာနဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းပေး ခြင်း၊ လုပ်ငန်းများအချိန်မီပြီးစီးနိုင်အောင် ကြီးကြပ်ခြင်းစသည့်လုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ လမ်းတံတားလုပ်ငန်း ၁၅၆ ခု၊ ရေရရှိရေးလုပ်ငန်း ၈၇ ခုနှင့် ပြည်သူလူထုအမှန်တကယ်လိုအပ်သည့် အခြားလုပ်ငန်း ၁၀၁ ခုကို ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း တင်ပြအစီရင်ခံ ထားပါတယ်။

ဆက်လက်ပြီး ကော်မတီအနေဖြင့် အစီရင်ခံစာတွင် သုံးသပ်အကြံပြုချက်(၅)ချက်ကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ (၁) ယခုအချိန်အခါကာလ ဒေသတိုင်းတွင် ပြည်သူလူထုများက ငြိမ်းချမ်းရေးရယူလိုသော ဆန္ဒပြင်းပြတဲ့အချိန်ဖြစ်တဲ့အကြောင်း တိုင်းရင်းသားဒေသများ၌ ဖြစ်ပွား လျက်ရှိသော ပဋိပက္ခများအားဖြေရှင်းရာတွင် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်

များ၊ ကော်မတီဝင်များက တာဝန်နှင့်ဆောင်ရွက်ခွင့်မူဘောင်အတွင်း စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲရေးစွမ်းရည်ဖြင့် တွန်းအားပေး၍ တစ်ဖက်တစ်လှမ်းမှ ပါဝင်ဆောင်ရွက်စေခြင်းဖြင့် တိုးတက်မှုများကို ရရှိစေမှာဖြစ်ပါတယ်။ (၂)ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံအစည်းအဝေးတိုင်းတွင် နိုင်ငံတော်သစ်တည်ဆောက်နိုင်ရေး စည်းဝေးညှိနှိုင်းတိုင်ပင်လျက်ရှိရာ NCA ၏ မူဘောင်အရ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သော လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် နိုင်ငံရေးဆွေးနွေးပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်များက ထဲထဲဝင်ဝင်ပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်ပါသည်။ (၃) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းရေးဖော်ဆောင်မှုကော်မတီသည် သတ်မှတ်ပေးထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ငြိမ်းချမ်းရေးတွင် မျက်ခြေမပြတ်စေရန် မိမိတို့ကျွမ်းကျင်ရာနယ်ပယ်များအတွင်း အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေဖို့ ငြိမ်းချမ်းရေးညီလာခံတွင် ကော်မတီဝင်များအားလုံး ပါဝင်ခွင့်ရရှိခြင်းသည် ငြိမ်းချမ်းရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။ (၄) ကော်မတီအနေဖြင့် လွှတ်တော်အတွင်းရှိ ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များအချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်မှုရှိစေရန် တိုးတက်ဖော်ဆောင်ပေးခြင်းဖြင့် လွှတ်တော်အရေးအရာ အခန်းကဏ္ဍများကို ပိုမိုအားကောင်းမြှင့်တင်စေနိုင်ပါတယ်။ (၅) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းပြီး တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှာလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဥပဒေနှင့်အညီ ဒေသအသီးသီးမှ တိုင်းရင်းသားလုပ်သားပြည်သူများအတွက် အကျိုးသက်ရောက်မှုရှိစေရန် တွန်းအားပေးဖော်ဆောင်သင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသည် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ မိမိတို့၏တာဝန်ဝတ္တရားများ ထမ်းဆောင်ရာ၌ ဒို့အရေးသုံးပါးကို ထိခိုက်စေနိုင်သော အချက်အလက်များကို အထူးရှောင်ရှားစေကာ တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးအကောင်အထည်ဖော်မှုလုပ်ငန်းများတွင် ကျန်ရှိနေတဲ့သက်တမ်းကာလအတွင်း စည်းလုံးညီညွတ်စွာဖြင့် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏
# လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ

## နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စတင်အစည်းအဝေးခေါ်ယူပြီး ၎င်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများကို အောင်မြင်စွာရွေးချယ်တင်မြှောက်တာဝန်ပေးအပ်နိုင်ပြီး အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ (၇)ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) မှ (၁) ဦး၊ “ဝ” ဒီမိုကရက်တစ်ပါတီမှ (၁)ဦး၊ တအာင်း(ပလောင်)အမျိုးသားပါတီမှ (၁)ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ (၁) ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ (၁)ဦး၊ ရခိုင်အမျိုးသား ပါတီမှ(၁)ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ(၁)ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁)ဦး၊ ပါတီ(၈) ပါတီတို့ပါဝင်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ သက်၊ ရှမ်းနှင့် ပအိုဝ်းစသည့် တိုင်းရင်းသားလူမျိုးများဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆဋ္ဌမမြောက်ရက်နေ့တွင် ဖွဲ့စည်းထားပါသည်။

## ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဖွဲ့စည်းချိန် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ကော်မတီများ၏ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပလုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ပါရန်ရည်ရွယ်၍ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

## ဖွဲ့စည်းခြင်း

၃။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ (၁၇-၂-၂၀၁၆)

ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၆) အရ ပါတီအသီးသီး၊ ဒေသအသီးသီးမှ တိုင်းရင်းသားများပါဝင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည် -

| | **အမည်** | **မဲဆန္ဒနယ်** | **ရာထူး** |
|---|---|---|---|
| (က) | ဦးခွန်မောင်သောင်း | ပင်လောင်း | ဥက္ကဋ္ဌ |
| (ခ) | Dr. စိုင်းလှသိန်း | ချမ်းမြသာစည် | အဖွဲ့ဝင် |
| (ဂ) | ဦးပဲ့ဒူ | ဖရူဆို | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးငွေ | ကော့ကရိတ် | အဖွဲ့ဝင် |
| (င) | ဦးစိန်အောင် | ပလက်ဝ | အဖွဲ့ဝင် |
| (စ) | Dr. လှိုင်မြင့်ဟန် | ကန့်ဘလူ | အဖွဲ့ဝင် |
| (ဆ) | ဦးကျင်ဝမ်း | ဟိုပန် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မြခွာညိုဦး | ရွှေတောင် | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းကျော် | နမ့်ခမ်း | အဖွဲ့ဝင် |
| (ည) | ဦးလမာနော်အောင် | အင်ဂျန်းယန် | အဖွဲ့ဝင် |
| (ဋ) | ဦးထွန်းမြအောင် (ခ) ဦးစောထွန်းမြအောင် | ဖာပွန် | အဖွဲ့ဝင် |
| (ဌ) | ဦးလှထွန်းကျော် | မောင်တော | အဖွဲ့ဝင် |
| (ဍ) | ဒေါ်နန်းခမ်းအေး | နမ္မတူ | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်သန်းထွတ်သိန်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဦးအင်ထုံးခါးနော်ဆမ် | မြစ်ကြီးနား | အတွင်းရေးမှူး |

တို့ဖြစ်ပါသည်။ အမျိုးသားကိုယ်စားလှယ်(၁၃)ဦးနှင့် အမျိုးသမီးကိုယ်စားလှယ်(၂)တို့ပါဝင်ဖွဲ့စည်းထားပါသည်။

**ကော်မတီအဖွဲ့ဝင်များပြောင်းလဲဖွဲ့စည်းခြင်း**

၄။ တစ်နှစ်တာကာလအတွင်း ကော်မတီအဖွဲ့ဝင် ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)အစား ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)အား ၇-၃-၂၀၁၆ ရက်စွဲပါ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ်(၃၉/၂၀၁၆)ဖြင့် မိမိတို့ဆန္ဒအရ ပြောင်းလဲအစားထိုးဖွဲ့စည်းခဲ့ပြီး ကော်မတီ

အဖွဲ့ဝင် ဦးစိုးငွေး(ကော့ကရိတ်မဲဆန္ဒနယ်)အစား ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်) အား ၃-၅-၂၀၁၆ ရက်စွဲပါ ပြည်သူ့လွှတ်တော်ရုံးအမိန့် ကြော်ငြာစာအမှတ်(၅၉/၂၀၁၆)ဖြင့် ပြောင်းလဲထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

**ကော်မတီအဖွဲ့ဝင်များနှင့် လေ့လာသူများထပ်မံထည့်သွင်းဖွဲ့စည်းခြင်း**

၅။ ထို့ပြင် ကော်မတီလုပ်ငန်းများဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်ထပ်မံ၍ ၁၆-၂-၂၀၁၇ ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)ဖြင့် ကော်မတီအဖွဲ့ဝင်များ အဖြစ် ဦးအောင်ကျော်ဦး (ခ) ဦးကျော်ဦး(မိုင်းတုံမဲဆန္ဒနယ်)၊ ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)နှင့် ဦးစံခင်(ကန်ပက်လက်မဲဆန္ဒနယ်) တို့ကိုလည်းကောင်း ၁၆-၂-၂၀၁၇ ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၁/၂၀၁၇)ဖြင့် လေ့လာသူများအဖြစ် ဗိုလ်မှူးကြီးသန်းအောင်နှင့် ဗိုလ်မှူးမြတ်သူရ တို့ကိုလည်းကောင်း ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

**ကော်မတီ၏ သက်တမ်း**

၆။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၇။ ကော်မတီသည် -

(က) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုး တိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။

(ဂ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်း ကူညီရေးတို့ကို အလေးထားဆောင်ရွက်ရမည်။

(ဃ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက် ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်။

(င) ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန် များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဆ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြ ရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ် ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

**မူကြမ်း**

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

**ဆောင်ရွက်ချက်များ**

၉။ ကော်မတီဝင်များသည် ချမှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီပေါင်းစပ်ကာ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ထဲထဲဝင်ဝင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီအစည်းအဝေး (၁၁)ကြိမ်ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် (၄၀)ခုချမှတ်နိုင်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ လမ်းညွှန်ချက်(၆)ချက် တင်ပြတောင်းခံ၍ ဆောင်ရွက်ခဲ့ပါသည်။

**တိုင်းရင်းသားရေးရာ**

၁၀။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈ ဖြင့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော်လည်း ဝန်ကြီးဌာနအသစ်ဖွဲ့စည်းနေရခြင်းကြောင့် တိုင်းရင်းသားအရေးအရာများဖြစ်သော စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်ဖော်ထုတ်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန် နှေးကွေးလျက်ရှိပါသည်။ ကော်မတီအနေဖြင့် နည်းဥပဒေအမြန်ထွက်ရှိရန် တိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ တာဝန်ရှိပုဂ္ဂိုလ်များကိုဖိတ်ကြား၍ ဆောင်ရွက်ချက်များအား

ရှင်းလင်းတင်ပြရန်နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့သည့်အပြင် နည်းဥပဒေအမြန်ပေါ်ထွက်ရေးအတွက် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပညာရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲသို့(၃)ကြိမ်တက်ရောက်၍ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက အကြံပြုဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါသည်။

## ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု

၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်၏အနာဂတ်တွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသောအချိန်ကာလဖြစ်ပါသည်။ ယခုအချိန်တွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမှသာ အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်သည်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ အစည်းအဝေးများစဉ်ဆက်မပြတ် ကျင်းပပြုလုပ်နိုင်ရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အဘက်ဘက်မှကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၁၂။ ပြည်သူ့လွှတ်တော်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရန် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ်ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) တို့တွင် ကော်မတီဥက္ကဋ္ဌသည်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၁၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ စဉ်ဆက်မပြတ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် အကြိုပြင်ဆင်ရေးကော်မတီမှ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ရေးဆွဲရေးဆပ်ကော်မတီ(၁)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး (UPDJC)နှင့် ဆပ်ကော်မတီအစည်းအဝေး (၁၄)ကြိမ်တက်ရောက်ခဲ့ပါသည်။ ၃၁-၈-၂၀၁၆ ရက်နေ့မှ ၃-၉-၂၀၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစု ပင်လုံအစည်းအဝေး ဒုတိယနေ့တွင် ကော်မတီဥက္ကဋ္ဌကလည်းကောင်း၊ တတိယနေ့တွင် ကော်မတီအတွင်းရေးမှူးကလည်းကောင်း သဘာပတိအဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီဝင်များအားလုံး ညီလာခံ

ကိုယ်စားလှယ်လေ့လာသူများအဖြစ် တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာ ၃ ရက်နေ့ထိ ကျင်းပပြုလုပ်သော (၃၇)ကြိမ်မြောက် အာဆီယံအစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရန် နိုင်ငံရေးကိစ္စရပ်များကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ဒုတိယအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် လူမျိုးအလိုက် စာတမ်းတင်သွင်းနိုင်ရန် လူမျိုးအလိုက်ကျင်းပပြုလုပ်သော ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အကြိုဆွေးနွေးခြင်းနှင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ အကြံပေးပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ပါဝင်ပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပါသည်။

၁၄။ ကော်မတီအဖွဲ့ဝင်များသည် လွှတ်တော်ရပ်နားချိန်အတွင်း မိမိတို့၏ မဲဆန္ဒနယ်များတွင် ပြည်သူများအား လွှတ်တော်၏တာဝန်ဝတ္တရားများနှင့် လွှတ်တော်အတွေ့အကြုံများ၊ အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အကြောင်းအရာများ၊ ငြိမ်းချမ်းရေးကိစ္စများကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။ ထို့ပြင် ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ CSO များနှင့် အစည်းအဝေးများ၊ Workshop များဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ပြင် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ရခိုင်ပြည်နယ် အကြမ်းဖက်လုပ်ရပ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ဘေးရှောင်ပြည်သူများအား ဒေသခံကော်မတီဝင်များက ပြည်သူများတွေ့ကြုံခံစားနေရသော ပြဿနာများကို ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူထုပါဝင်မှုရှိစေရန် စည်းရုံးခြင်းများဆောင်ရွက်ခဲ့ပါသည်။ ကော်မတီဝင်များသည် မိမိတို့နှင့် သက်ဆိုင်သော မဲဆန္ဒနယ်မြေများတွင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်း ၁၅၆ ခု၊ ရေရရှိရေးလုပ်ငန်း ၈၇ ခုနှင့် ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သည့် အခြားလုပ်ငန်းများ ၁၀၁ ခုတို့ကို ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့်ပတ်သက်၍ ပြည်သူများသိရှိစေရန် အသိပေးရှင်းလင်းတင်ပြခဲ့ပါသည်။

**မူကြမ်း**

**လွှတ်တော်အတွင်းဆောင်ရွက်ချက်**

၁၅။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ အရအသုံးခန့်မှန်းခြေငွေစာရင်း(ပြင်ဆင်ချက်)နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပါ ရငွေသုံးငွေများ၊ ၂၀၁၆-၂၀၁၇ ခု ဖြည့်စွက်ခွင့်ပြုရန်ပုံငွေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်း စိစစ်ရေးပူးပေါင်းအဖွဲ့(၅)တွင် ကော်မတီဝင်(၇)ဦးပါဝင်၍ ဆောင်ရွက်ခဲ့ပါ သည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ တတိယပုံမှန်အစည်းအဝေးထိ ကော်မတီဝင်များ၏ အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများနှင့် မေးခွန်းမေးမြန်းခြင်း ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည် | အဆို | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | ထောက်ခံဆွေးနွေးခြင်း |
|---|---|---|---|---|---|
| ၁။ | ဦးခွန်မောင်သောင်း | - | ၅ | - | ၁ |
| ၂။ | ဦးကျင်ဝမ်း | - | ၁ | ၃ | |
| ၃။ | ဦးကျော်မင်း | ၁ | ၂ | - | |
| ၄။ | ဦးစောထွန်းမြအောင် | - | ၁ | - | ၂ |
| **စဉ်** | **အမည်** | **အဆို** | **ကြယ်ပွင့်ပြ** | **ကြယ်ပွင့်မပြ** | **ထောက်ခံဆွေးနွေးခြင်း** |
| ၅။ | ဦးစိန်အောင် | - | ၁ | ၂ | |
| ၆။ | ဦးပွဲ့ဒူ | - | ၁ | ၃ | ၂ |
| ၇။ | ဦးထွန်းကျော် | - | - | ၂ | |
| ၈။ | ဒေါ်နန်းခမ်းအေး | - | ၃ | - | |
| ၉။ | ဒေါက်တာစိုင်းလှသိန်း | - | - | ၁ | - |
| ၁၀။ | ဦးစောဇစ်တာခလိုက် | - | - | ၁ | ၄ |
| ၁၁။ | ဦးလှထွန်းကျော် | - | - | - | ၂ |
| ၁၂။ | ဦးလမာနော်အောင် | - | - | - | ၄ |
| ၁၃။ | ဦးအင်ထုံးခါးနော်ဆမ် | - | ၁ | - | ၅ |

**မူကြမ်း**

| | | | | |
|---|---|---|---|---|
| **စုစုပေါင်း** | ၁ | ၁၅ | ၁၂ | ၂၀ |

၁၆။ တိုင်းရင်းသားဒေသများတွင် အရည်အချင်းပြည့်မီသော ဒေသခံလူငယ်များအလုပ်အကိုင်ရရှိရေးအတွက် ပညာရေးဝန်ထမ်းများ ဦးစားပေးခန့်ထားနိုင်ရေးဝန်ကြီးဌာနမှ မူတစ်ရပ်အနေဖြင့်ချမှတ်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**အလုပ်ရုံဆွေးနွေးပွဲများ**

၁၇။ တစ်နှစ်တာအစီရင်ခံစဉ်ကာလအတွင်း ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒများရှင်းလင်းဆွေးနွေးပွဲ၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မြန်မာအမျိုးသမီးများ၏ ငြိမ်းချမ်းရေးညီလာခံ၊ မြေသိမ်းဆည်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ကျန်းမာရေးဆိုင်ရာပညာပေးဆွေးနွေးပွဲ၊ လုပ်ကွက်ငယ်တောင်သူစိုက်ပျိုးရေး ဆွေးနွေးပွဲ၊ ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မြေမြှုပ်မိုင်းအန္တရာယ်ကာကွယ်ရေး ဟောပြောပွဲ၊ ကျား/မအခြေပြုအကြမ်းဖက် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲနှင့် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေးနှင့် မြန်မာနိုင်ငံ၏ အနာဂတ်နှီးနှော ဖလှယ်ပွဲစသည့် ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ကော်မတီဥက္ကဋ္ဌ (၅)ကြိမ်၊ အတွင်းရေးမှူး (၇)ကြိမ်၊ ကော်မတီ အဖွဲ့ဝင် ဒေါက်တာလှိုင်မြင့်ဟန် (၈) ကြိမ်၊ ဦးထွန်းကျော် (၃)ကြိမ်၊ ဦးလှထွန်းကျော် (၄)ကြိမ်၊ ဦးစိန်အောင် (၅)ကြိမ်၊ ဦးလမာနော်အောင် (၄)ကြိမ်၊ ဦးစောဗစ်တာခလိုက် (၄)ကြိမ်၊ ဦးကျော်မင်း (၇)ကြိမ်၊ ဦးပဲ့ဒူ (၅)ကြိမ်၊ ဒေါ်နန်းခမ်းအေး (၅)ကြိမ် စုစုပေါင်း (၆၆)ကြိမ် တက်ရောက်ခဲ့ပါသည်။

**ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်များ**

၁၈။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ကိုရီးယား သမ္မတနိုင်ငံသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးခရီးစဉ်တွင် ကော်မတီဥက္ကဋ္ဌမှ လိုက်ပါခြင်း၊ ကော်မတီအဖွဲ့ဝင် ဦးကျော်မင်းသည် မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များ အတွက် အိန္ဒိယသမ္မတနိုင်ငံ Bureau of Parliamentary Studies & Training က ဖိတ်ကြားသည့် လေ့လာရေးခရီးစဉ်၊ ဦးလမာနော်အောင်သည် အီတလီနိုင်ငံတွင် ကျင်းပသည့် လွှတ်တော်ကိုယ်စား

**မူကြမ်း**

လှယ်များအတွက် လေ့လာရေးနှင့် စွမ်းရည်မြှင့်တင်မှု အစီအစဉ်ခရီးစဉ်နှင့် ဒေါ်နန်းခမ်းအေးသည် အမေရိကန်ပြည်ထောင်စုဝါရှင်တန်ဒီစီ၌ ကျင်းပပြုလုပ်သည့် HDP ဥပဒေရေးရာအလုပ်ရုံဆွေးနွေးပွဲ ခရီးစဉ်များဖြစ်ပြီး ကော်မတီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံခြားခရီးစဉ် စုစုပေါင်း (၄)ကြိမ် သွားရောက် ခဲ့ပြီး ဖြစ်ပါသည်။

**ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ**

၁၉။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့် (၂)ကြိမ်၊ တရုတ်နိုင်ငံသံရုံးမှ အကြံပေးပုဂ္ဂိုလ်နှင့် (၁)ကြိမ်၊ တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌနှင့် (၁)ကြိမ်၊ ဂျပန်နိုင်ငံအောက်လွှတ်တော် ကိုယ်စားလှယ်နှင့် (၁) ကြိမ်၊ ဗြိတိန်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် (၁)ကြိမ်၊ UK နိုင်ငံ WFD ၏ နည်းပညာအကြံပေးနှင့် (၁)ကြိမ်၊ စုစုပေါင်း (၇)ကြိမ် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက် လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် လွှတ်တော်မှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်း ကဏ္ဍများကို ဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

၂၀။ ကော်မတီသည် ၂၀၁၆ ခုနှစ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၁)ကြိမ်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ တာဝန်ရှိသူများအား ဖိတ်ကြား၍ ဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြပေးရန် ညှိနှိုင်းအစည်းအဝေး (၁)ကြိမ် ပြုလုပ်ခဲ့ပါသည်။

**ဥပဒေပြုခြင်း**

၂၁။ ကော်မတီက စိစစ်ရမည့် ဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) The Yangon Water Works Act (India Act 19,1884, Vol. VI)

(ခ) The Yangon Hackney Carriages Act (Myanmar Act 4, 1917, Vol.VII)

(ဂ) The Yangon Development Trust Act (India Act 5, 1920, Vol.IV)

(ဃ) The City of Yangon Municipal Act (Myanmar Act 6, 1922, Vol.VI)

**မူကြမ်း**

(င) စည်ပင်သာယာရေးဥပဒေ (ဥပဒေအမှတ် ၅/၁၉၈၄ ခုနှစ်)

(စ) ကွဲနွားတိရိစ္ဆာန်ကျော်နင်းမှု ဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၈၅ ခုနှစ်)

(ဆ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (နဝတ ဥပဒေအမှတ် ၁၁/၁၉၉၃ ခုနှစ်)

(ဇ) နေပြည်တော်စည်ပင်သာယာရေးဥပဒေ (နယကဥပဒေအမှတ် ၄/၂၀၀၉)

(ဈ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ (ပထစ ဥပဒေအမှတ် ၈/၂၀၁၅) တို့ဖြစ်ပါသည်။

## သုံးသပ်အကြံပြုချက်

၂၂။ (က) ယခုအချိန်ကာလသည် ဒေသတိုင်းတွင် ပြည်သူလူထုများက ငြိမ်းချမ်းရေးရယူလိုသော ဆန္ဒပြင်းပြသည့်အချိန်ဖြစ်၍ တိုင်းရင်းသားဒေသများ၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများအား ဖြေရှင်းရာတွင် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီဝင်များက တာဝန်နှင့် ဆောင်ရွက်ခွင့်မူဘောင်အတွင်း စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် တွန်းအားပေး၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများရရှိစေနိုင်ပါသည်။

(ခ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ အစည်းအဝေးတိုင်းတွင် နိုင်ငံတော်သစ်တည်ဆောက်နိုင်ရေး စည်းဝေး၊ ညှိနှိုင်း၊ တိုင်ပင်လျက်ရှိရာ NCA ၏ မူဘောင်အရ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သော လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်း အရာအလိုက် နိုင်ငံရေးဆွေးနွေးပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်များ ထဲထဲဝင်ဝင်ပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက်များစွာ အကျိုးဖြစ်ထွန်းစေပါသည်။

(ဂ) တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသည် သတ်မှတ်ပေးထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ငြိမ်းချမ်းရေးတွင် မျက်ခြေမပြတ်စေရန်နှင့် မိမိတို့ကျွမ်းကျင်ရာနယ်ပယ်အတွင်း အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေရန် ငြိမ်းချမ်းရေး

ညီလာခံတွင် ကော်မတီဝင်များအားလုံး ပါဝင်ခွင့်ရရှိစေခြင်းသည် ငြိမ်းချမ်းရေးအတွက် အထောက် အပံ့ဖြစ်စေနိုင်ပါသည်။

(ဃ) ကော်မတီအနေဖြင့် လွှတ်တော်အတွင်းရှိ ပါတီအသီးသီးမှ ကိုယ်စားလှယ်များ အချင်းချင်းပိုမိုရင်းနှီးချစ်ကြည်မှုရှိစေရန် တိုးမြှင့်ဖော်ဆောင်ပေးခြင်းဖြင့် လွှတ်တော်အရေးအရာ လွှတ်တော်အခန်းကဏ္ဍများကို ပိုမိုအားကောင်းမြှင့်တင်စေနိုင်ပါသည်။

(င) တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းပြီး သည့်အပြင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖွဲ့စည်းပြီးဖြစ်၍ ဥပဒေနှင့်အညီ ဒေသ အသီးသီးနှင့် တိုင်းရင်းသားများအတွက် အကျိုးသက်ရောက်မှုရှိစေရန် တွန်းအားပေးဖော်ဆောင်သင့် ပါသည်။

**နိဂုံး**

၂၃။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဝင်များသည် ပြည်သူ့ အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ မိမိတို့၏တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိ ပါသည်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးအကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ တိုင်းရင်းသားတို့၏ မျှော်လင့်တောင့်တနေသော စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ကာကွယ်စောင့်ရှောက်ဖော်ထုတ်မြှင့်တင်ခြင်းစသည့် ရှင်သန်မှုများကို ဥပဒေ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းကာကွယ်ပေးရေးဆောင်ရွက်ရန် များစွာလိုအပ်နေသေးကြောင်း သုံးသပ်မိပါသည်။ ရှင်သန်ခွင့် ဖော်ဆောင်ပေးနိုင်မှသာလျှင် ကိုလိုနီစနစ်ဟောင်းနှင့် ခေတ်အဆက်ဆက်ကထားရစ်ခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားစေသော အမွေဆိုးကို ဖယ်ရှားနိုင်ပြီး နိုင်ငံသားအားလုံး၏ ဆန္ဒဖြစ်သော တန်းတူရေး၊ ညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး နှင့်ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

**မူကြမ်း**

၂၄။ သို့ဖြစ်၍ ကော်မတီဝင်များသည် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးအလေးပေးကာ ပေးအပ်သော တာဝန်များကို ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသား ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလို တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၈-၆-၂၀၁၇ ရက်နေ့(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ် ကြောင်းအသိပေးကြေညာပါတယ်။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်ထူးချွန် အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်ကောလိပ်များအထိလည်းကောင်း အားကစားပြက္ခဒိန်များ ရေးဆွဲ၍ အားကစားပြိုင်ပွဲများပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက အဆို တစ်ရပ်တင်သွင်းထားပါတယ်။ ဦးတင်ထွေးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ကျွန်တော် လွှတ်တော်ကိုတင်သွင်းမယ့် အဆိုကတော့ မြန်မာ့အားကစား ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစား ထူးချွန်သူများ ပေါ်ပေါက်လာရေးအတွက် အခြေခံကျတဲ့ ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံ

မူလတန်းကျောင်းများမှ တက္ကသိုလ်ကောလိပ်ကျောင်းများအထိလည်းကောင်း အားကစားပြိုင်ပွဲများကို နှစ်အလိုက် အားကစားပြက္ခဒိန်များရေးဆွဲပြီးတော့ ပြိုင်ပွဲကျင်းပပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့အဆိုပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရဲ့အားကစားဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်မှုများဟာ နိုင်ငံတော်နှင့် နိုင်ငံတော်မှာနေကြတဲ့ ပြည်သူတို့ရဲ့ဂုဏ်သိက္ခာ၊ အဆင့်အတန်းများကို ဖော်ပြနေခြင်းဖြစ်သလို နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုပါ ရောင်ပြန်ဟပ်စေတာဖြစ်တဲ့အတွက် ဤအဆိုကို ကျွန်တော်အနေနဲ့ လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဘောလုံးအားကစားအပါအဝင် အားကစားမျိုးစုံဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်၊ လေး၊ ငါးစုလောက်တုန်းက အာရှမှာ မြန်မာရယ်လို့ ဟစ်ကြွေးမော်ကြွားနိုင်ခဲ့သလို အများစုကလည်းပဲ အသိအမှတ်ပြုအလေးထားခြင်းကို ခံခဲ့ရပါတယ်။ အဲဒီအချိန်အခါက မြန်မာ့ဘောလုံးအဆင့်အတန်းဟာ အာရှတိုက်မှာ ထိပ်ဆုံးအဆင့်မှာ ရပ်တည်ပြီးတော့ ပြိုင်ဖက်အသင်းများရဲ့ အထူးအလေးထားခြင်းကို ခံခဲ့ရတာပဲဖြစ်ပါတယ်။ အဲဒီအချိန်က အားကစားသမားများဖြစ်တဲ့ ဗဟာဒူး၊ ဂိုးတင်အောင်၊ အေးမောင်ကြီး၊ မောင်မောင်၊ လန်ဘားစိုးမြင့်၊ လှဒွေး၊ ဘပုတို့ဟာ အာရှတိုက်မှာ ကျော်ကြားလှတဲ့သူများဖြစ်တဲ့အတွက် ဗဟာဒူး၊ ဂိုးတင်အောင်၊ အေးမောင်ကြီးတို့က အာရှလက်ရွေးစင်အထိပင် ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။ နောက်ပိုင်း ကာလတွေမှာတော့ အေးမောင်လေး၊ ရဲညွန့်၊ တင်စိန်၊ လှကြည်၊ ဝင်းမောင်၊ သန်စိုး(ခ) ဆပ်သီး၊ သန်းတိုးအောင်နှင့် မျိုးလှိုင်ဝင်းတို့ဟာ နိုင်ငံ့ဂုဏ်ကိုဆက်လက်ပြီးတော့ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ အခြားအားကစားနည်းများကို ကြည့်မယ်ဆိုရင်လည်းပဲ ရေကူး၊ သေနတ်ပစ်၊ အလေးမ၊ ဂျူဒို၊ ပြေးခုန်ပစ်ကစားနည်းများမှာ နန္ဒကျော်စွာ၊ တင်မောင်နီ၊ ထွန်းမောင်၊ ဆန်းမြင့်၊ ဦးရှိန်၊ ဇော်ဝိတ်၊ သန့်ဇင်၊ ခင်မူမူ၊ သန်းသန်း၊ ဂျနီဖာတင်လေး၊ ဂျင်မီ၊ ရှင်မွေးဂန်းနှင့် မီတုံးနော်တို့ဟာ နိုင်ငံတကာပြိုင်ပွဲများမှာ ရွှေတံဆိပ်အများအပြားကို ရယူနိုင်ပြီးတော့ မြန်မာ့ခေတ်တစ်ခေတ်ကို တည်ဆောက်နိုင်ခဲ့တဲ့ အားကစားသမားများဖြစ်ပါတယ်။ ဒီအားကစားသမားများဟာ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ ပြည်နယ်၊ တိုင်းဒေသကြီးအပါအဝင် တပ်မတော်အားကစားပြိုင်ပွဲများမှ မွေးဖွားလာတဲ့ အားကစားလူရည်ချွန်များပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခါက အားကစားလုပ်ငန်းကို ကျေးရွာ/ရပ်ကွက် မြို့နယ်များမှာ အားကစားမှူးများ၊ နည်းစနစ်မှူးများ တာဝန်ပေးခန့်ထားခြင်းမရှိဘဲနဲ့ လေ့ကျင့်ခြင်းမှ

အစ ပြိုင်ပွဲများပြုလုပ်တဲ့အထိကို ကျေးရွာ/မြို့နယ်အုပ်ချုပ်ရေးပိုင်းမှတာဝန်ရှိသူများနဲ့ ဝါသနာပါသူ အသိုင်းအဝိုင်းများကနေပြီးတော့ ဦးဆောင်ဦးရွက်ပြုလုပ်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ပြိုင်ပွဲများကိုလည်း ပဲ နေ့ကြီးရက်ကြီးနဲ့ ရာသီအလိုက် အချိန်အခါသင့်သည့်ကာလများမှာ ပြုလုပ်ပေးခဲ့ကြပါတယ်။ အနိုင် ရသူများ၊ ထူးချွန်သူအားကစားသမားများကိုလည်း ပြိုင်ပွဲအလိုက် ထိုက်တန်တဲ့ဆုများကို ပေးခဲ့ကြပါ တယ်။ အားကစားသမားများရဲ့ဘဝရပ်တည်ရေးအတွက်လည်း တတ်နိုင်သမျှ ဆောင်ရွက်ပေးခဲ့ကြတာ ကို ကျွန်တော်တို့ တွေ့ရတာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်အားကစားသမားများကလည်း အောင်နိုင်ရေး အတွက် အသင်းအဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် အတွေ့အကြုံရှိသူများထံမှ လေ့လာဆည်းပူးပြီး တော့၊ နိုင်ငံကိုကိုယ်စားပြုပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြိုင်ပွဲများ ကျင်းပတဲ့အခါမှာလည်းပဲ အောက်ခြေအဆင့်၊ ကျေးရွာအဆင့်ရပ်ကွက်အလိုက် ပြိုင်ပွဲများကို ပြုလုပ်တယ်။ မြို့နယ်အဆင့်မီသူများကို မြို့နယ်ပေါင်းစုံပြိုင်ပွဲများအတွက် ရွေးချယ်လေ့ကျင့်ပြီးတော့ ပြိုင်စေတယ်။ မြို့နယ်ပေါင်းစုံပြိုင်ပွဲမှ ခရိုင်အဆင့်မီသူများကို ရွေးချယ်ပြီးတော့ ခရိုင်ပေါင်းစုံပြိုင်ပွဲ များကို ကျွန်တော်တို့ ဝင်ပြိုင်စေတယ်။ ခရိုင်ပြိုင်ပွဲများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မီသူများ ကို အဆင့်ဆင့်ရွေးချယ်ပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးပွဲများကို၊ အားကစားပွဲများကို ပြုလုပ်ခဲ့ကြတာလည်းဖြစ်ပါတယ်။ အဲဒီအချိန်က ကျေးရွာအဆင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲ များအထိ ပြိုင်ပွဲအဆင့်ဆင့်အောက်မှာ လူထု၏စိတ်ပါဝင်စားမှု၊ အားပေးမှုမြင့်မားခဲ့ပြီးတော့ အားကစားမျိုးစုံမှ ထူးချွန်သည့်အားကစားများ ပေါ်ထွက်လာသလို ကျောင်းသားအားကစားပြိုင်ပွဲ များနှင့် တပ်မတော်စစ်တိုင်းအလိုက်ပြိုင်ပွဲများမှ ထူးချွန်အားကစားသမားများ အများအပြားပေါ်ထွက် လာခဲ့တာပဲဖြစ်ပါတယ်။ ဒီလိုပေါ်ထွက်လာတဲ့အားကစားသမားများကို ဝန်ကြီးဌာနများကနေပြီးတော့ ၎င်းတို့ရဲ့အာမခံချက်များကို စီမံပေးပြီးတော့ ခေါ်ယူလေ့ကျင့်ပေးတယ်။ ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲ များကို ဝင်ပြိုင်စေတယ်။ အားကစားထူးချွန်သူများအပေါ်မှာလည်း မြန်မာ့အားကစားရွှေတစ်ခေတ်ကို ရောက်တဲ့အထိ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ ယနေ့အချိန်အခါမှာ ကျွန်တော်တို့ တွေ့ရတာ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက်သာ အဆင်ပြေသလို လူရှာရွေးပြီးတော့ ပြိုင်ပွဲတွေကိုပြုလုပ် နေတဲ့အတွက် အားကစားကအဆင့်တန်းတဖြည်းဖြည်းနဲ့ နိမ့်ကျလာတာကို ကျွန်တော်တို့ တွေ့ရတာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရဲ့အားကစားမျိုးစုံမှ အရှိန်အဟုန်တဖြည်းဖြည်း ကျဆင်းလာရာမှ အားကစားပြိုင်ပွဲများနှင့်အတူ ကျေးလက်များမှာရှိတဲ့အားကစားကွင်းတွေ၊ ကျောင်း

မှာရှိတဲ့အားကစားကွင်းတွေအားလုံးက ပျောက်ချင်းမလှပျောက်လာပြီးတော့ အားကစားကွင်းများဟာလည်း အားကစားပြိုင်ပွဲများပြုလုပ်ခြင်းမရှိတော့တဲ့အနေအထားမျိုးဖြစ်လာတာကို တွေ့ရတဲ့အပြင် ကျွန်တော်တို့အားကစားကွင်းဟာ အားကစားကွင်းနဲ့မတူတော့ဘဲနဲ့ ထီးထီးကြီးလယ်ကွင်းကြီးလိုဖြစ်နေတဲ့နေရာတွေ ကျွန်တော်တို့များစွာတွေ့ရမှာဖြစ်ပါတယ်။ ယခုအခါမှာ မြို့နယ်တိုင်းလိုလိုမှာပဲ အားကစားရုံများဖွင့်လှစ်ပြီးတော့ အားကစားမှူးများ၊ နည်းစနစ်မှူးများနှင့် ဝန်ထမ်းများထားရှိပေမဲ့လို့ ဝန်ထမ်းများသာ ရုံးတက်ရုံးဆင်းပြုလုပ်နေသည်ကို တွေ့ရပြီးတော့ မြို့နယ်အတော်များများက အားကစားမှူး၊ နည်းစနစ်မှူးတွေဟာ တိုင်းဒေသကြီး/ခရိုင်များမှာ တွဲဖက်ထားသလိုနဲ့ မြို့နယ်အားကစား တိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ပြုလုပ်ခြင်းမရှိဘဲနဲ့ လျစ်လျူရှုနေတာကို ကျွန်တော်တို့ အထင်အရှားတွေ့နေရပါတယ်။ ဒါ့အပြင် နှစ်ပေါင်းအတော်ကြာကတည်းက ကြွေးကြော်လာခဲ့တဲ့ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမယ်ဆိုတဲ့ကြွေးကြော်သံကလည်းပဲ ကြွေးကြော်သည့်အဆင့်သာတည်ရှိပြီးတော့ ကြွေးကြော်သံဆိုင်းဘုတ်များမှာလည်းပဲ လမ်းဘေးမှာဆိုင်းဘုတ်ကြီးကတော့ ထီးထီးကြီးဖြစ်ပြီးတော့ ဘာမှအားကစားအတွက် ဆောင်ရွက်ပေးနိုင်တာကို မတွေ့ရပါဘူး။ ထို့အတူပဲ ကျွန်တော်တို့ ကမ္ဘာကိုလွှမ်းမယ်ဆိုတဲ့အခါ အာရှမပြောနဲ့ အရှေ့တောင်အာရှမှာတောင်မှ ကျွန်တော်တို့အားကစားဟာ လွှမ်းနိုင်တာကို မတွေ့ရပါဘူး။ အားကစားတိုးတက်ရာတိုးတက်ကြောင်းအခြေခံကျကျဆောင်ရွက်လှုပ်ရှားမှုများကတော့ ကျွန်တော်တို့ ဒီကနေ့ သေသလိုဖြစ်နေတာ တွေ့ရပါတယ်။ တို့ဗမာနိုင်ပြီဆိုတဲ့သီချင်းကလည်းပဲ ယနေ့ မြန်မာ့အားကစားလောကနှင့် ကင်းကွာနေပြီးတော့ ခေတ်လူငယ်လူရွယ်များအတွင်းမှာ ခေတ်ဟောင်းသီချင်းတစ်ပုဒ်ကဲ့သို့ ထင်မှတ်နေကြပြီဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံတကာရဲ့ပြိုင်ပွဲနေ့မှာ နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်နေတဲ့ အားကစားသမားများကို ကြည့်ရင်လည်းပဲ မြန်မာ့အားကစားရွှေခေတ်ကကဲ့လို အခြေခံမှအပေါ်ထိ ပြိုင်ပွဲအဆင့်ဆင့်ယှဉ်ပြိုင်ပြီး ရွေးချယ်ခန့်ထားသူများမဟုတ်ဘဲနဲ့ မြို့ကြီးပြကြီးတွေမှာနေထိုင်ပြီးတော့ အားကစားဝါသနာပါတဲ့လူငယ်လူရွယ်များကို အဆင်ပြေသလိုရွေးချယ်ပြီးတော့ ပြိုင်ပွဲကိုဝင်နေတဲ့အတွက် ကျွန်တော်တို့အောင်မြင်ခြင်းဟာ ကျဆုံးနေခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ရွက်ပုန်းသီးထူးချွန်သူအားကစားသမားများပေါ်ထွက်လာရေးအတွက် သို့မဟုတ် ကျွန်တော်တို့ ရွှေခေတ်ကိုပြန်လည်ပြီးတော့ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ကြမယ်ဆိုရင် ကျေးလက်ဒေသမှမြို့ပြများအထိ အခြေခံမူလတန်းကျောင်းများမှ ကောလိပ်များအထိ တပ်ရင်းတပ်ဖွဲ့များမှ စစ်ဌာနချုပ်များအထိ အားကစားပြိုင်ပွဲများကို ပြက္ခဒိန်များရေးဆွဲပြီးတော့ ကျင်းပပြုလုပ်စေချင်ပါတယ်။ အစိုးရကျောင်းများမှာလည်းပဲ

အားကစားနှင့်ပညာရေးကို ထိထိမိမိပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပြီးတော့ အားကစားပစ္စည်းများ၊ အားကစားကွင်းများနှင့် အဆင်ပြေပါက အားကစားခန်းမများကိုပါ ထားရှိပေးဖို့လိုအပ်ပါတယ်။ အားကစားသိပ္ပံကျောင်းများကို ယခုထက်ပိုမိုပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကျွန်တော်တို့ သင်ကြားဖွင့်လှစ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုပါတယ်။ အားကစားနှင့်ပတ်သက်တဲ့ လုပ်ငန်းများမှာ အုပ်ချုပ်ရေးယန္တရားပိုင်းမှလည်း ကူညီပံ့ပိုးစေအောင်လည်း ဆောင်ရွက်ပေးသင့်ပါတယ်။ အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲလာတဲ့အားကစားနည်းများကို လေ့ကျင့်သင်ကြားပေးဖို့လိုအပ်ပြီးတော့ ထူးချွန်အားကစားသမားများ၏ဘဝရှင်သန်နိုင်ရေးအတွက် အစီအမံများကိုလည်း ကျွန်တော်တို့ ချမှတ်ပေးဖို့လိုအပ်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်နှင့် နိုင်ငံတကာပြိုင်ပွဲများသို့ အားကစားသမားများ စေလွှတ်ပြီးတော့ ရှင်ပြိုင်ဖို့လည်း များစွာလိုအပ်တာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ကကျွန်တော်တင်ပြခဲ့တဲ့အချက်များနဲ့ပတ်သက်ပြီးတော့ အလေးထားပြီးတော့ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ အချိန်နှင့်တစ်ပြေးညီပေါ်ထွက်လာပြီးတော့ နိုင်ငံတကာပြိုင်ပွဲများမှာ ရွှေတစ်ခေတ် အပြင်အောင်မြင်မှုများပြန်လည်ရရှိလာမှာဖြစ်သလို ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာရဲ့အလယ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာ၏မျက်နှာစာမှာ တိုးတက်အောင်မြင်မှုများ ရလာမယ့်ပုံရိပ်များကို တဖြည်းဖြည်းတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီးတော့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ထူးချွန်စွာပေါ်ပေါက်လာရေးအတွက် ကျေးလက်ဒေသမှမြို့ပြအထိ၊ အခြေခံမူလတန်းကျောင်းများမှတက္ကသိုလ်များအထိ အားကစားပြိုင်ပွဲများကို ပြက္ခဒိန်များရေးဆွဲပြီး အားကစားပြိုင်ပွဲများကို ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးစားစွာလွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးကျော်မင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကနေ့မှာ ဝေါ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာကြံ့ခိုင်ခြင်းရဲ့တန်ဖိုးကို သာမန်သွားလာလှုပ်ရှားလုပ်ကိုင်နေကြတဲ့ အချိန်မှာ မသိသာနိုင်ဘဲနဲ့ ယိုယွင်းပျက်စီးလာတော့မှသာ ကျန်းမာခြင်းစွမ်းပကားရဲ့ကျေးဇူးကို အထူးပဲတန်ဖိုးထားလာတတ်ကြပါတယ်။ ဒါကြောင့်မို့လို့လည်း သဗ္ဗညုတဉာဏ်ရှင် သုံးလူ့ထွတ်ထား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက အာရောဂျပရမံလာဘံ နိဗ္ဗာနံ ပရမံသုခံ အထင်ဂိဂေါစ မဂ္ဂံ ခေမံအမွတံ ဂါမိနံလို့ဆိုပြီးတော့ ပိဋကတ်သုံးပုံမှာပါဝင်တဲ့ မဇ္ဈိမနိကာယ်(ဒုတိယတွဲ) စာမျက်နှာ ၁၇၉ မာဂန္ဒိယရသုတ္တံမှာ ဟောကြားတော်မူခဲ့ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျန်းမာခြင်းဟာ အထူးပဲ အရေးကြီးလှပါတယ်။ လူ့ဘောင်လောကမှာလည်း ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနဲ့ ဘာသာသာသနာရေးတို့ကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာကြံ့ခိုင်ခြင်းဆိုတဲ့ တောင့်တင်းတဲ့အခြေခံအုတ်မြစ်ရှိမှသာ ဖြစ်နိုင်မှာဖြစ်ပါတယ်။ ကျန်းမာမှသာ မိမိအတွက်သာမက တိုင်းပြည်အတွက်ပါ တန်ဖိုးအမြင့်ဆုံး၊ အရည်အသွေးအမြင့်ဆုံး စွမ်းဆောင်နိုင်တဲ့ လူတော်လူကောင်း တစ်ယောက် ဖြစ်လာနိုင်မှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာကြံ့ခိုင်တဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် အားကစားလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမှာဖြစ်ပါတယ်။ ငယ်စဉ်ကာလကတည်းကစပြီး လေ့ကျင့်ပျိုးထောင်ပေးထားသင့်ပါတယ်။ ပညာသင်ကြားနေတဲ့ ကျောင်းသားလူငယ်များအတွက် အားကစားကဏ္ဍဟာ ပိုမိုအရေးကြီးလွန်းလှပါတယ်။ ၎င်းတို့ရဲ့အနာဂတ်ရည်မှန်းချက်များအတွက် ၎င်းတို့ရဲ့ဘဝကို ရင်းနှီးမြှုပ်နှံပြင်ဆင်နေရတဲ့အချိန်မို့လို့ပဲဖြစ်ပါတယ်ခင်ဗျား။ လူငယ်တို့ရဲ့ ထက်မြက်တဲ့စိတ်၊ စွန့်စားလိုတဲ့စိတ်၊ ကိုယ်စွမ်းကိုယ်စကိုပြသလိုတဲ့စိတ်များကို အားကစားလုပ်ခြင်းက ပိုမို မြင့်တက်စေပြီး အရည်အသွေးကောင်းတဲ့ စံချိန်ကောင်းများကို ရရှိစေမှာဖြစ်ပါတယ်ခင်ဗျား။ စံချိန်စံညွှန်းများကောင်းမှသာလျှင် အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်မှာဖြစ်ပါတယ် ခင်ဗျား။ စံချိန်စံညွှန်းကောင်းတဲ့ မြန်မာ့ဂုဏ်ဆောင်အားကစားသမားများ အားကစားကဏ္ဍနယ်ပယ် အသီးသီးမှာပေါ်ထွန်းလာစေဖို့အတွက် လအလိုက်၊ နှစ်အလိုက်၊ အားကစားပြိုင်ပွဲပြက္ခဒိန်များကို စနစ်တကျရေးဆွဲပြီး ရပ်ကွက်/မြို့နယ်လက်ရွေးစင်အဆင့်မှသည် နိုင်ငံ့လက်ရွေးစင်အဆင့်ထိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်လက်ရွေးစင်အဆင့်မှသည် နိုင်ငံ့

**မူကြမ်း**

လက်ရွေးစင်အဆင့်ထိ တပ်ရင်းတပ်ဖွဲ့ဌာနချုပ်လက်ရွေးစင်အဆင့်များမှသည် နိုင်ငံ့လက်ရွေးစင်များဖြစ်သည်အထိ မွေးမြူလေ့ကျင့်ပေးသွားသင့်လှပါတယ်ခင်ဗျား။ တစ်စပ်တည်းမှာပဲ မြန်မာ့အားကစားဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားတွေ ပေါ်ထွက်လာရေးအတွက် ကျောင်းများမှာ အားကစားနှင့်ပညာရေးကို ပေါင်းစပ်စီမံဆောင်ရွက်ပေးပြီး အားကစားပစ္စည်း၊ အားကစားကွင်းနှင့် အားကစားခန်းမများကို လိုအပ်လှပါကြောင်း တင်ပြလိုပါတယ်။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်သင်ကြားပေးသင့်ပါကြောင်း သက်ဆိုင်ရာအဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများမှလည်း အားကစားကဏ္ဍတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးသင့်ပါကြောင်း၊ ထူးချွန်အားကစားသမားများရဲ့ လူမှုဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက် အစီအမံများကို ချမှတ်ဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် နိုင်ငံတကာပြိုင်ပွဲများသို့လည်း ဝင်ရောက်ယှဉ်ပြိုင်စေခြင်းနှင့် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံဆောင်ရွက်ပေးခြင်းများကိုလည်း ပြုလုပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလဟူတဲ့ဗလငါးတန်မှာ အခြေခံအကျဆုံးဖြစ်တဲ့ ကာယဗလကိုမြှင့်တင်ခြင်းမှသည် မြန်မာ့အားကစားလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများ ပေါ်ပေါက်လာစေရေးအတွက် ဝေါမဲဆန္ဒနယ်မှ အဆိုရှင်ဦးတင်ထွေးရဲ့ အားကစားပြိုင်ပွဲများကို နှစ်အလိုက် အားကစားပြက္ခဒိန်များရေးဆွဲပြီး ပြုလုပ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့် အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့်လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းတဲ့ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာရေးအတွက် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ်၊ ကောလိပ်များအထိလည်းကောင်း အားကစားပြက္ခဒိန်များရေးဆွဲ၍ အားကစားပြိုင်ပွဲများပြုလုပ်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၈-၆-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူလူထု ကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်၍ နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ယဉ်မင်းလှိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မက ပြည်သူလူထု

ကျန်းမာရေးအတွက် အဓိကကျတဲ့ သူနာပြုများရဲ့ကဏ္ဍနှင့်ပတ်သက်ပြီးတော့ အဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ သူနာပြု Diploma နှင့်သူနာပြုသိပ္ပံဘွဲ့ ဝင်ခွင့်များကို AGTI၊ BE ဝင်ခွင့်တို့နှင့် နှိုင်းယှဉ်ပြသထားတာ ဖြစ်ပါတယ်။ မတူညီတဲ့ အသက်မွေးဝမ်းကျောင်းနှစ်ခုကို ဘာကြောင့်နှိုင်းယှဉ်ပြရသလဲဆိုတော့ ဝင်ခွင့်ကန့်သတ်ထားတဲ့ (၁၀)တန်းအောင်တဲ့အမှတ်တူလို့ဖြစ်ပါတယ်။ သုံးဘာသာပေါင်း ၁၈၀ မှတ်ဖြစ်ပါတယ်။ ဒါကတော့ BNSC နဲ့ BE ၄၇၀ ဝန်းကျင်မှာဝင်ခွင့်ရတဲ့ အမှတ်ပါ။ အဓိကပြောလိုတာက BNSC အမှတ်မြင့်တာကို ပြောပြချင်တာ ဖြစ်ပါတယ်။

ဒါကတော့ ရာထူးတိုးအခွင့်အရေးအတွက် လုပ်သက်ကန့်သတ်ချက်ပါ။ ဒီပလိုမာနှင့် BNSC ဘွဲ့ကို ရာထူးတိုးလုပ်သက် တစ်နှစ်ပဲ ကွာထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီမှာ Trained Nurse ဆိုတာ ကအနီဝတ်ဖြစ်ပါတယ်။ အနီဝတ်လုပ်သက်သုံးနှစ်ပြည့်မှ Senior Nurse အပြာဝတ်ဖြေခွင့်ရပါတယ်။ Senior Nurse လုပ်သက်ခုနစ်နှစ်ပြည့်မှ Sister အစိမ်းဝတ်ဖြေခွင့်ရပါတယ်။ Sister ရှစ်နှစ်လုပ်သက်ပြည့်မှ Matron ဆိုတဲ့ ပြန်တမ်းဝင်အရာရှိ မိုးပြာရောင်ဝတ်ကိုဖြေခွင့်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ လုပ်သက် ၂၀ နှစ်ကျော်မှ၊ စာမေးပွဲတိုင်းအောင်မှ ပြန်တမ်းဝင်အရာရှိ အဆင့်ကို မျှော်လင့်နိုင်တာဖြစ်ပါတယ်။

ဒါက BNSC ကျောင်းဆင်းအတွက် ဒီ Trained Nurse ကနေ စီနီယာ Nurse ကို ခုနကဒီပလိုမာဆင်းအတွက် တစ်နှစ်ပဲလျော့ပြီး သတ်မှတ်ပေးထားတာ ဖြစ်ပါတယ်။ ဒီလိုလုပ်သက်တွေနဲ့ ဖြေခွင့်သတ်မှတ်ပေးထားတော့ ဘယ်လောက်အရည်အချင်းရှိရှိ လုပ်သက်မပြည့်ရင် ရာထူးမတိုးနိုင်ပါဘူးရှင်။ လုပ်သက်ထက်ပညာအရည်အချင်းနဲ့ ကန့်သတ်သင့်တယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်။

နောက်ကုသရေး (Clinical) နဲ့ သင်ကြားရေး (Teaching) လိုင်းဆိုပြီးတော့ သူနာပြုမှာ နှစ်လိုင်းခွဲထားပါတယ်။ Teaching လိုင်းမှာက Trained Nurse နှစ်နှစ်ပြည့်လို့ရှိရင် Instructor ဖြေလို့ရပါတယ်။ Instructor သုံးနှစ်ပြည့်လို့ရှိရင် Tutor ဖြေခွင့်ရှိပါတယ်။ အဲဒီကနေ သုံးနှစ်ဆိုလို့ရှိရင် Assistant Lecture Matron Scale ပြန်တမ်းဝင်အရာရှိကို လုပ်သက်ရှစ်နှစ်ကျော်တာနဲ့ ဖြေခွင့်ရှိတာ ဖြစ်ပါတယ်။ Clinical ကတော့ ခုနကအတိုင်းပဲ လုပ်သက်၂၀ ကျော်မှပဲ အဲဒီအဆင့်ကို ရောက်မှာဖြစ်ပါတယ်။

**မူကြမ်း**

ဒီသင်ကြားရေးနှင့်ကုသရေးမှာ အသက်ကိုကုသစောင့်ရှောက်ရတဲ့၊ ကာကွယ်ရတဲ့လုပ်ငန်းဖြစ်လို့ စာတွေ့လက်တွေ့ပူးတွဲပြီး သွားသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စာတွေ့တတ်လို့ရှိရင် အခုလိုစနစ်မျိုးနဲ့ဆိုရင် စာတွေ့တတ်ရင်လက်တွေ့မတတ်တော့ပါဘူး။ လက်တွေ့တတ်လို့ရှိရင် စာတွေ့မတတ်တော့ပါဘူး။ လက်တွေ့သမားက စာဘက်ကိုလည်းအချိန်မပေးနိုင်ပါဘူးရှင်။ နောက်ဖောင်ကြီးတက်ဖို့ MSC ပြီးဖို့နဲ့ပါ ကန့်သတ်ထားပြန်လို့ ကုသရေးသမားဟာ ရာထူးမတိုးနိုင်ပါဘူး။ ဒါကတော့လစာ Scale ဖြစ်ပါတယ်။ လစာ Scale ကသူနာပြုဟာ ၁၆၅၀၀၀ ကနေစပြီးတော့ အလုပ်ဝင်ရပါတယ်။ UD Scale ဖြစ်ပါတယ်ရှင်။ သူနဲ့တူတဲ့အခြားသော ဒီကျန်းမာရေးဌာနရဲ့ ကျန်းမာရေးမှူးတွေ၊ ဆေးဘက်ဆိုင်ရာနည်းပညာဆင်းတွေ၊ ဆေးဝါးကျွမ်းကျင်တွေ၊ တိုင်းရင်းဆေးတွေ၊ သူနာပြုဆိုပြီး စုစုပေါင်း ငါးမျိုးရှိရာမှာ သူနာပြုတစ်မျိုးပဲ UD Scale ကနေအလုပ်ဝင်ရတာဖြစ်ပါ တယ်။ ကျန်တဲ့လေးလိုင်းဟာ ဒုတိယဦးစီး Scale ကနေ အလုပ်ဝင်ရတာ ဖြစ်ပါတယ်ရှင်။

ဒါကတော့ ၁၉၈၈ ခုနှစ်ကစပြီးတော့ လစာတိုးမြှင့်ခဲ့တဲ့ နှုန်းထားတွေပါ။ ဒါကတော့ လုပ်ငန်းခွင်ကို စွန့်ခွာထွက်ပြေးသွားခြင်း(Abscond)ရဲ့ အကြောင်းအရင်းလေးတွေကို ကောက်ချက်ချထားတာပါ။ အခြေခံလစာနည်းပါးတယ်။ ရာထူးတိုးနှေးတယ်။ ဒီပလိုမာနဲ့ BNSc ရာထူးတိုးကာလ ကွာခြားမှုနည်းတယ်။ ဒါကြောင့်မို့လို့ ပညာအရည်အချင်းကို အသိအမှတ်ပြုမှုနည်းပါးပြီးတော့ ဆက်လက်သင်ယူလိုစိတ်နည်းပါးစေတယ်။ နောက် MSC ဆက်တက်ဖို့ ဖောင်ကြီးတက်ရမယ်လို့ သတ်မှတ်တာကတော့ Clinical က အချိန်မပေးနိုင်တော့ ဖောင်ကြီးမတက်နိုင်ပါဘူး။ နောက်ဝန်ထမ်းအင်အားမလုံလောက်တာကို။ ဒါကတော့ ရန်ကုန်ဆေးရုံကြီးနဲ့ ဥပမာပြထားတာဖြစ်ပါတယ်။ ဝန်ထမ်းအင်အားကတော့ လူနာတို့သဘာဝအရ မြို့ကြီးပြကြီးကဆေးရုံကြီးတွေကို ပိုအားကိုးလို့ သူနာပြုအင်အားမလုံလောက်တဲ့အခါမှာ လူနာတွေကိုစောင့်ရှောက်မှုအချိန် လုံလောက်စွာမပေးနိုင်ဘဲနဲ့ မလိုလားအပ်တဲ့ စွတ်စွဲပစ်တင်မှုတွေကို ရင်ဆိုင်ကြရပါတယ်။ ဒါရန်ကုန်ဆေးရုံကြီက ခုတင် ၂၀၀၀ ဖြစ်ပါတယ်။ သို့သော် ပုံမှန်အားဖြင့် လူနာဟာ ၂၅၀၀ ခန့်ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ General Ward မှာဆိုလို့ရှိရင် လူနာနဲ့ သူနာပြုအချိုးဟာ ၈း၁ ရှိရမှာဖြစ်လို့ အချိန်ပိုင်းလေးခုအတွက် Trained Nurse က အနည်းဆုံး ၁၂၀၀ ရှိရမှာဖြစ်ပါတယ်။ သို့သော်လည်း အခုအခါမှာ Trained Nurse ရယ်၊ Senior Nurse ရယ်၊ Sister ရယ် သုံးမျိုးပေါင်းမှ ၆၅၀ သာရှိတာကို တွေ့ရပါတယ်။ နောက် CCU Ward ကဆိုလို့ရှိရင် လူနာနဲ့သူနာပြုအချိုးဟာ ၄း၁ ရှိရမှာဖြစ်ပါတယ်။ ICU (Intensive Care Unit) ဆိုလို့ရှိရင် လူနာအချိုးသူနာပြုဟာ ၁း၁ ရှိရမှာဖြစ်ပါတယ်။ လူနာ ၂၀ နဲ့

အချိန်ပိုင်းလေးခုအတွက် Trained Nurse ချည်းပဲ ၈၀ ရှိရမှာဖြစ်ပါတယ်။ သို့သော်လည်း အဲဒီ Ward မှာ အခုအချိန်မှာ Trained Nurse ရယ်၊ Senior Nurse ရယ်၊ Sister ရယ်ပေါင်းမှ ၂၂ ယောက်သာရှိကြောင်း တွေ့ရှိရပါတယ်။ General Ward ဆိုလို့ရှိရင် လူနာအချိုး၊ ဆရာမအချိုးဟာ ၅၀း၁ ဖြစ် နေတာတွေ့ရပါတယ်ရှင်။

ဒါကတော့ ဝန်ထမ်းအင်အားနည်းတဲ့အတွက် အလုပ်ပိုလုပ်ရတယ်။ Work Load ပိုများတယ်။ ပတ်ဝန်းကျင် Pressure များပါတယ်ရှင်။ ဆရာဝန်၊ လူနာစောင့်၊ အလုပ်သမား၊ သူနာပြုအချင်းချင်း စတဲ့ Pressure တွေများပါတယ်။ နောက်အများပြည်သူပိတ်ရက်မရှိပါဘူး။ သကြံန်ရယ်လို့ မရှိပါဘူး ရှင်။ သူနာပြုအလုပ်က။ နောက်ရုံးပိတ်ရက်က အခြားဝန်ထမ်းတွေကို စနေ၊ တနင်္ဂနွေ တိတိကျကျ မရှိပါဘူး။ ဒါကတော့ သူနာပြုတာဝန်မဟုတ်တဲ့ ဆေးစာရင်းပြုစုတာ၊ Date အောက်/မအောက်စစ်တာ အစရှိတဲ့ ဆေးထုတ်ယူတာအစရှိတဲ့ စာရေးအလုပ်၊ သန့်ရှင်းရေးကြီးကြပ်ရတဲ့ အလုပ်သမားအလုပ်၊ လူနာစောင့်ကိုနှင်ထုတ်ရတဲ့ လုံခြုံရေးအလုပ် အစရှိတာတွေကိုလည်း သူနာပြုတွေတာဝန်ယူရပါတယ်ရှင်။

မြန်မာနိုင်ငံ သူနာပြုနှင့်သွားဖွားကောင်စီဥပဒေ ပုဒ်မ ၃၇၊ ၄၁ တို့အရ သူနာပြုတို့ဝတ်စုံကို နိုင်ငံတော်ကအသိအမှတ်ပြုမထားသူတွေ ဝတ်ခွင့်မရှိကြောင်း ဥပဒေပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ပုဂ္ဂလိကဆေးရုံအချို့မှာ လေးလသင်တန်းဆင်းတွေကို သူနာပြုဝတ်စုံဝတ်စေပြီး ခန့်ထားအသုံးပြုနေကြပါတယ်။ ဒါဟာ လူနာတွေရဲ့အသက်အန္တရာယ်စိုးရိမ်ရသလို ဥပဒေနှင့်လည်းမညီပါဘူးရှင်။ သူနာပြုတွေဟာ လိုင်စင်ကိုနှစ်နှစ်တစ်ခါ သက်တမ်းတိုးပြီး နိုင်ငံတော်ကိုအခွန်ထမ်းနေကြလို့ သူနာပြုကောင်စီဟာ ဒီကိစ္စတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အညီ စစ်ဆေးကြီးကြပ်သင့်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီလို Promotion ဖြေခွင့်မိပြီဆိုလို့ရှိရင်လည်း တစ်နေရာတည်းမှာ နေတာကြာလို့၊ ဖောင်ကြီးမတက်လို့စတဲ့ ကန့်သတ်ချက်တွေအပြင်မှာ Promotion ဝင်ခွင့် လုပ်သက်ကို မကြာခဏပြောင်းလဲနေတာ လေ့လာသိရှိရပါတယ်။ အဲဒီအတွက် ထောက်ခံချက်ယူရာမှာလည်း အထက်ကဝန်ထမ်း၊ ဘေးတိုက်ဝန်ထမ်း၊ အောက်ဘက်ဝန်ထမ်းများရဲ့ထောက်ခံချက်ယူရမှာဖြစ်ပေမဲ့ အထက်လူရဲ့ထောက်ခံချက်ကိုပဲယူလို့ အထက်ဖား၊ အောက်ဖိလုပ်တာတွေ၊ အဂတိလိုက်စားမှုတွေရှိနိုင်ကြောင်းကိုလည်း ဆွေးနွေးလိုပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ခုတင်ပြလိုတာကတော့ ပြည်သူအများစုရော၊ သူနာပြုအများစုပါပြောနေကြတဲ့ ဝတ်စုံစရိတ် ၃၅ ကျပ်ကိစ္စဖြစ်ပါတယ်။ အမှန်ကတော့ ၁၉၆ဝ ခုနှစ်က လစာ ၁ဝဝ ကျော် Scale ကတည်းက အဲဒီ ၃၅ ကျပ်မှာ ငါးကျပ်သည်သာ ဝတ်စုံစရိတ်ဖြစ်ပါတယ်။ ၃ဝ ကျပ်ဟာ စားစရိတ်အဖြစ်နဲ့ နိုင်ငံတော်ကထောက်ပံ့တာဖြစ်ပါတယ်။ မောင်နှင့် နှမ၊ သားနှင့်အမိတောင်ရှုံ့ရှာကြတဲ့ ဆီး၊ ဝမ်း၊ သွေး၊ ချွေး၊ ချွဲသလိပ်တို့ကို မရှုံ့မရှာကိုင်တွယ်ပြုစုကြရလို့ နောက်ပြီး လူနာက သူနာပြုဆီကို ရောဂါမကူးနိုင်အောင် သူနာပြုကနေပြီး လူနာဆီကိုပြန်ပြီးရောဂါမကူးနိုင်အောင် Infection မဝင်အောင် အာဟာရပြည့်ဝစွာစားသောက်စေရန်အတွက် အခြားဝန်ထမ်းနဲ့မတူဘဲ နိုင်ငံတော်က စားစရိတ်ကို ထောက်ပံ့ခဲ့တာဖြစ်ပါတယ်။ စားစရိတ်အပြင် Night Duty ဆိုရင် အဆောင်ရဲ့ Mez ကနေ Night Supper ဆိုပြီး ညစာထမင်းဘူး ပြင်ဆင်ပေးပါတယ်။ Duty က ပြန်လာရင်ဝတ်စုံကို Laundary ထဲထည့်ရုံပါပဲ။ လျှော်ဖွတ်ပေးပါတယ်။ အိပ်ယာခင်း (Bed Sheet) က အစ ရောဂါမကူးနိုင်အောင် အသစ်လဲလှယ် ခင်းကျင်းပြင်ဆင်းပေးထားတာဖြစ်ပြီး သူနာပြုတို့ဘဝကို နိုင်ငံတော်ကစောင့်ရှောက်ပြီးတော့ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးခဲ့ပါတယ်။ အခု ဒါတွေ လုံးဝမရှိတော့ပါဘူး။ အချို့သောနိုင်ငံတွေမှာ ICU လို Emergency Ward လိုမျိုးမှာ လစာကို ပိုပေးကြပါတယ်။ အလွန်ပင်ပမ်းလို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သူနာပြုအလုပ်ဆိုတာ ဘုရားရှင်နဲ့ သူတော်ကောင်းတွေ ချီးမွမ်းတဲ့အလုပ်ဖြစ်ပါတယ်။ နိုင်ငံ့ဖခင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် ဒုတိယကမ္ဘာစစ်အတွင်းမှာပင် သက်စွန့်ကြိုးပမ်း လူနာတွေကိုပြုစုခဲ့တဲ့ စံပြလုပ်ခဲ့တဲ့အလုပ်ဖြစ်ပါတယ်။ ရောဂါဘယကူးစက်နိုင်စွမ်းတွေ မြင့်မားလှတဲ့ဒီခေတ်ကြီးမှာ ကျွန်မတို့နိုင်ငံမှာ လူနာနည်းတဲ့နယ်မြို့တွေမှာ မဆိုးရွားလှပေမဲ့ မြို့ကြီးတွေက ဆေးရုံတွေမှာ ခက်ခဲတဲ့အခြေအနေကို ရင်ဆိုင်နေရပါတယ်။ ဝန်ထမ်းမလုံလောက်မှု၊ အချို့သောဆရာဝန်များ၊ လူနာစောင့်များ၊ သူနာပြုအချင်းချင်းတို့ရဲ့အနိုင်ကျင့်မှု၊ နှိမ့်ချဆက်ဆံမှုတို့ ကြုံတွေ့နေရပါတယ်။ မြင့်မြတ်တဲ့ နှလုံးသားပိုင်ရှင်များဖြစ်တဲ့လူနာတို့နဲ့အတူရယ်ရတဲ့၊ လူနာတို့နဲ့အတူငိုရတဲ့ သူနာပြုတို့လောက၊ သူနပြုတို့ဘဝကို ပြောင်းလဲပေးခြင်းဖြင့် နိုင်ငံတော်ရဲ့ကျန်းမာရေး ကဏ္ဍကိုမြှင့်တင်ပေးပါရန် အဆိုပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသွားတဲ့ ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလှသော ဝန်ထမ်း အမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ခေတ်ကာလဟာ နေထိုင်စားသောက်မှုဘဝပုံစံပြောင်းလဲလာခြင်း၊ ကျန်းမာရေးဗဟုသုတ အားနည်းခြင်း၊ ဈေးကွက်အတွင်းမှာ ဘေးကင်းလုံခြုံမှုမရှိတဲ့စားသောက်ကုန်များ များပြားနေခြင်းနဲ့ အချက်တွေကြောင့် ရောဂါဘယ ထူပြောလှပါတယ်။ မစည်ကားသင့်ဘဲ စည်ကားနေတဲ့ ဆေးရုံ ဆေးခန်းတွေမှာ လူနာတွေပြည့်လို့နေတာကြောင့် လူနာတွေနဲ့အနီးကပ်ဆုံး ထိတွေ့ဆက်ဆံနေရတဲ့ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေက မနိုင်ဝန်ထမ်းနေရပါတယ်။

နိုင်ငံတော်အစိုးရနေနဲ့ အနိမ့်ကျဆုံးအခြေအနေကိုဖြစ်နေတဲ့ ကျန်းမာရေးကဏ္ဍကိုမြှင့်တင် ပေးဖို့ကြိုးစားနေတာ ဆေးရုံ၊ ဆေးခန်းကျန်းမာရေးဝန်ထမ်းတွေကို ရေရှည်စီမံကိန်းအနေနဲ့ ဖြည့်တင်း ပေးဖို့စီစဉ်ဆောင်ရွက်နေတာကို ကျေးဇူးတင်စွာ အသိအမှတ်ပြုကြောင်းနဲ့ ပြုပြင်ပြောင်းလဲရေး ကာလမှာ စိတ်အားထက်သန်စွာ၊ တက်ကြွစွာဦးဆောင်ကြိုးပမ်းနေတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ကိုလည်း ပြည်သူများကိုယ်စား ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဘတ်ဂျက်ပိုမို သုံးစွဲခြင်း၊ ရုပ်ဝတ္ထုပစ္စည်းများဖြည့်တင်းခြင်း၊ ခေတ်မီစက်ကိရိယာ ထောက်ပံ့ခြင်းအပြင် ငွေနဲ့ဝယ်ယူ လို့မရတဲ့ ခေတ်မီစက်ကိရိယာတွေနဲ့ ထိန်းချုပ်လို့မရနိုင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ စိတ်ခံစားမှု အခြေအနေတွေကို လျစ်လျူမရှုဘဲ အလေးထားထည့်တွက် စဉ်းစားပေးဖို့လည်း တင်ပြလိုပါတယ်။ ရောဂါခံစားနေရတဲ့ စိတ်ဒုက္ခတွေနဲ့ရောက်လာတဲ့ လူနာနဲ့လူနာရှင်တွေရဲ့ ရောဂါနဲ့စိတ်ဒုက္ခ တစ်ဝက် လောက် လျော့ကျသွားစေမယ့် ကျန်းမာရေးဝန်ထမ်းတွေရဲ့ ကြင်နာမှုပြည့်ဝတဲ့အပြုံး၊ စာနာမှုတွေပါတဲ့ ချိုသာတဲ့စကားလုံးတွေ၊ ဝန်ဆောင်ကူညီကြိုဆိုပေးဖို့ ဘာတွေလိုအပ်နေပြီးလဲ၊ ဘာတွေပြုပြင်ပြောင်း လဲပေးရမလဲ၊ ပြန်လည်ပြင်ဆင်သုံးသပ်ဖို့ အရေးကြီးလိုအပ်နေတာဖြစ်လို့ သူနာပြုတို့လောက ပြောင်းလဲခြင်းအားဖြင့် နိုင်ငံရဲ့ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပေးရန်အဆိုကို အချက်သုံးချက်နဲ့ ထောက်ခံပေးသွားမှာဖြစ်ပါတယ်ရှင်။ အဆိုရှင်တင်ပြသွားတဲ့အချက်(၁)က သူနာပြုတွေဟာ ရာထူးတိုး

ဖို့ကန့်သတ်ရှိနေတဲ့အခြေအနေတွေ တွေ့ရမှာဖြစ်ပါတယ်။ ဒီအခြေအနေတွေကိုလည်း ပြန်လည်သုံးသပ်ပေးစေချင်ပါတယ်။ မိမိအသက်မွေးဝမ်းကျောင်းပေါ် ဂုဏ်ယူကျေနပ်စွာဖြင့် ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် မျှော်လင့်ချက်တွေ လည်းလိုအပ်ပါတယ်။ ဆက်လက်ပညာသင်ကြားခွင့်ပိုမိုကောင်းမွန်တဲ့ ရာထူးလစာခံစားခွင့်မရှိဘဲ အောက်ခြေသိမ်းအလုပ်တွေလုပ်နေရမယ်ဆိုရင် လုပ်ငန်းခွင်မှာပျော်နိုင်ပါ့မလား။ ကိုယ့်ဘဝ၊ ကိုယ့်အလုပ်ကို ဂုဏ်ယူကျေနပ်မှုမရှိရင်၊ တိုးတက်ဖို့ မျှော်လင့်ချက်မရှိရင်၊ လုပ်ငန်းခွင်ပျော်ရွှင်မှုကင်းမဲ့နေရင်၊ ဝန်ဆောင်မှုအပိုင်းတွေ၊ ဝန်ထမ်းတာဝန်ထမ်းဆောင်မှုအပိုင်းတွေမှာ ထိခိုက်စေနိုင်ပါတယ်။ အချက်(၂)အနေနဲ့ လုပ်ငန်းခွင်စွန့်ခွာ ထွက်ပြေးခြင်းအပိုင်းတွေကို အလေးထားသုံးသပ် သင့်ကြောင်းတင်ပြလိုပါတယ်။ အလုပ်မထွက်အောင် အကျပ်ကိုင်ခိုင်းစေခြင်းတွေဟာ ဖြေရှင်းနည်းမဟုတ်ပါဘူး။ အလုပ်ထွက်ချင်စိတ်မရှိအောင် မျှော်လင့်ချက်တွေ၊ မက်လုံးတွေနဲ့ဆွဲဆောင်ထားဖို့ ပြင်ဆင်ရမှာဖြစ်ပါတယ်။ သူနာပြုသားဖွားတွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးခြင်း၊ စွမ်းရည်မြှင့်တင်ပေးခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လုပ်ငန်းခွင်အတွင်း သူနာပြုနှင့်မသက်ဆိုင်သော အလုပ်များကိုခိုင်းစေခြင်းမပြုခြင်း၊ ဘေးကင်းလုံခြုံသည့်လုပ်ငန်းခွင် ဖန်တီးပေးခြင်းဖြင့် တစ်နေ့ထက်တစ်နေ့များပြားလာတဲ့အလုပ်ထွက်ခြင်းကို တားဆီးဖြေရှင်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဆိုရှင်ဆွေးနွေးသွားတဲ့အချက်ထဲက နံပါတ်(၃) အချက်ကတော့ သူနာပြုကောင်စီရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းမှာ ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် ပိုမိုအားကောင်း သောတာဝန်ယူမှု၊ တာဝန်ခံမှုပြည့်ဝသော၊ သူနာပြုနှင့် သားဖွားတို့၏အခွင့်အရေးကို ကာကွယ်ပေးမည့် သူနာပြုနှင့်သားဖွားကောင်စီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး လက်ရှိဖြစ်ပေါ်နေတဲ့ ပြဿနာတွေကိုဖြေရှင်း၊ ပြည်သူ့လူထုကျန်းမာရေးအတွက် အဓိကကျတဲ့ သူနာပြုများရဲ့အခန်းကဏ္ဍကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးနိုင်ပါရန်အတွက် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသောအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ လက်ခံဆွေးနွေးပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကထောက်ခံထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်၊မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသော ပြည်သူလူထုကျန်းမာရေးအတွက် အဓိကကျ၍ အရေးပါလာသာ ဝန်ထမ်းအမျိုးအစားတစ်ရပ်ဖြစ်သည့် သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်၍ နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍကိုမြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅) အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၈-၆-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းဝေး ပဉ္စမနေ့ဖြစ်သော ၂၉-၅-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ

အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၃၁-၅-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်များအတိုင်း သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များအနက် သဘောတူသင့်သည့် (၃၄) ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်စိန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရလွှတ်တော်မှအတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့ထားသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၂-၂၀၁၇ ရက်နေ့မှာ စတင်တင်သွင်းခဲ့ပြီး ၇-၃-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ဖြစ်တဲ့ ၂၉-၅-၂၀၁၇ ရက်နေ့မှာ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၃၁-၅-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး

တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)၊ ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)နှင့် ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်) စသည့် ကိုယ်စားလှယ်လေးဦးက ပြင်ဆင်ချက် အဆိုများ တင်သွင်းခဲ့ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂-၆-၂၀၁၇ ရက်နေ့(သောကြာနေ့)တွင် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှာ အတည်ပြုခဲ့သည့် အဆိုပြုပြင်ဆင်ချက်များအနက်မှ အချက်(၃၄)ချက်ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း လက်ခံသဘောတူခဲ့ပါတယ်။ အဲဒီလက်ခံသဘောတူခဲ့တဲ့ ကန့်လန့်ဖြတ်ဇယားကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသို့ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက်ကြောင့် အချိန်ကိုလေးစားသောအားဖြင့် ကျွန်တော် ဖတ်ကြားတင်ပြခြင်းမပြုတော့ပါ။

သို့ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၃၄)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၃၄)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| **စဉ်** | **အခန်း** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့် အပိုဒ်ခွဲ** |
|---|---|---|---|---|
| (က) | ၁ | ၁ မှ ၂ | ၂ မှ ၄၊ ၇၊ ၉ | အခန်း(၁)ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(က) (ခ) (ဂ)နှင့် (ဃ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဈ)နှင့် (ည) |
| (ခ) | ၂ | ၃ | ၁၀ မှ ၁၁ | အခန်း(၂)ခေါင်းစဉ်၊ အပိုဒ် ၃ |
| (ဂ) | ၃ | ၃ မှ ၈ | ၁၂ မှ ၁၅၊ | အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် |

| | | | | |
|---|---|---|---|---|
| | | | ၁၇ မှ ၂၀၊ ၂၂ | ၆ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) (ဃ) (င) (စ) (ဆ) (ဇ) (ဈ)နှင့် (ည)နှင့်(ဋ)၊ အပိုဒ် ၇၊ အပိုဒ် ၈ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) (ဃ) (င) (စ) (ဆ) (ဇ) (ဈ) (ည) (ဋ) (ဌ) (ဍ) (ပ)နှင့် (ဏ) |
| (ဃ) | ၄ | ၈ မှ ၉ | ၂၂ မှ ၂၅ | အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ |
| (င) | ၅ | ၉ မှ ၁၀ | ၂၆ မှ ၂၇ | အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၁၂ |
| (စ) | ၆ | ၁၀ မှ ၁၂ | ၂၈၊ ၃၁ | အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) (၅)နှင့် (၆) |
| (ဆ) | ၇ | ၁၂ မှ ၁၃ | ၃၄ မှ ၃၅၊ ၃၇ | အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၅ |
| (ဇ) | ၈ | ၁၃ မှ ၁၄ | ၃၈၊ ၄၀၊ ၄၂ မှ ၄၇ | အခန်း(၈)ခေါင်းစဉ်၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များအနက် (၃၄)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၃၄)ချက်ကို အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ အတည်ပြု

ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၃၄)ချက်ကို အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၁၃)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်စိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအစည်းအဝေးမှာပဲ ကျွန်တော်တို့သဘောတူချက်အရ အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၁၃)ချက် ရှိပါတယ်။ အဲဒီ(၁၃)ချက်ကို လွှတ်တော်ကိုယ်စားလှယ်များကို ကန့်လန့်ဖြတ်ဇယားဖြင့် ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက်ကြောင့် အချိန်ကို လေးစားသောအားဖြင့် တင်ပြခြင်းမပြုတော့ပါဘူး။ အဲဒီပြင်ဆင်ချက်(၁၃)ချက်ကိုလည်းပဲ လွှတ်တော်ကနေပြီးတော့ ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်(၁၃)ချက်ကိုလည်း လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်။

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | အခန်း | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|---|
| (က) | | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၁ | ၂ | ၅ မှ ၆၊ ၈ | အပိုဒ် ၂ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဇ) |
| (ဂ) | ၃ | ၄၊ ၆ | ၁၆၊ ၂၀ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ခ) |
| (ဃ) | ၆ | ၁၀ မှ ၁၂ | ၂၉၊ ၃၀၊ ၃၂၊ ၃၃ | အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) (၂)နှင့် (၃)၊ အပိုဒ်ခွဲငယ်(၇) |

**မူကြမ်း**

| | | | | |
|---|---|---|---|---|
| | | | | (၈)နှင့် (၉)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ) |
| (င) | ၇ | ၁၂ မှ ၁၃ | ၃၆ | အပိုဒ် ၁၄ အပိုဒ်ခွဲ(က)နှင့် (ခ) |
| (စ) | ၈ | ၁၃ မှ ၁၄ | ၃၉၊ ၄၁ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၆၊ အပိုဒ် ၁၈ |

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုးအနေနဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ရန်တင်ပြချက်(၁၃)ချက်စလုံး ပေါ်မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက သဘောတူလက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၁၃)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၃)ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြု ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်း

မပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၄၅ နာရီ အချိန်တွင် ရပ်နားပါသည်။

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ (၇.၆.၂၀၁၇)
## ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ


ဦးစိုင်းငေါင်းဆိုင်ဟိန်း
(မောက်မယ် မဲဆန္ဒနယ်)


ဦးအာမိုးဆီ
(ခေါင်လန်ဖူး မဲဆန္ဒနယ်)


ဦးခင်မောင်မြင့်
(ရပ်စောက် မဲဆန္ဒနယ်)


ဒေါ်နန်းခမ်းအေး
(နမ္မတူ မဲဆန္ဒနယ်)


ဦးအေးနိုင်
ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်


ဦးအောင်ကျော်ဖေ
(ပေါက်တော မဲဆန္ဒနယ်)


ဦးကျော်စိုး
(ဖန်းမောက် မဲဆန္ဒနယ်)


ဦးဉာဏ်လင်း
(ရွှေပြည်သာ မဲဆန္ဒနယ်)


ဗိုလ်ချုပ်သန်းထွန်း (ဒုတိယဝန်ကြီး)
နယ်စပ်ရေးရာဝန်ကြီးဌာန



ဦးဝင်းခိုင် (ဝန်ကြီး)
ဆောက်လုပ်ရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်